# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်၊ ကြာသပတေးနေ့။ Thursday, 5 January 2023 ၁၀၉၇၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ပြုစစ်ကြောင်းများ၏ အလေးပြုခြင်းခံယူ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ယန္တရားတပ်ခွဲများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဗိုလ်ရှုခံရင်ပြင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ပြုစစ်ကြောင်းများ၏ အလေးပြုခြင်းကို ခံယူသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ဒုတိယသမ္မတ(ငြိမ်း) သရေစည်သူ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✻

**ယနေ့ ဖတ်စရာ**

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ထုတ်ပြန်**

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် အမိန့်ထုတ်ပြန်**

စာမျက်နှာ » ၂

**(၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ သဝဏ်လွှာများပေးပို့**

စာမျက်နှာ » ၁၆

**ဓာတ်ခွဲနမူနာစုစုပေါင်း ၃၆၁၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ**

စာမျက်နှာ » ၁၇

**အချပ်ပို ၈ မျက်နှာပါရှိ**

ယနေ့ထုတ်ကြေးမုံသတင်းစာတွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားမြင်ကွင်း အချပ်ပို ၈ မျက်နှာ ပါရှိပါသည်။

ကြေးမုံ

# အချိုးအကွေ့တစ်ခု အခွင့်အရေးကောင်းတစ်ခု

"၂၀၂၃ ခုနှစ်ဟာ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရတာ (၇၅) နှစ်ပြည့် စိန်ရတုတိုင်ခဲ့ပြီဖြစ်သလို တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ငြိမ်းချမ်းရေးအသီးအပွင့်တွေကိုခံစားဖို့ အစပျိုးတဲ့နှစ်တစ်နှစ်ဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေးအချိုးအကွေ့တစ်ခုမှာ သမိုင်းကောင်းတစ်ခုကို ဖန်တီးနိုင်မယ့် အခွင့်အရေးကောင်းတစ်ခုကို တိုင်းရင်းသားပြည်သူတွေ ပိုင်ဆိုင်ခွင့်ရတဲ့ နှစ်တစ်နှစ်ဖြစ်တာကြောင့် ဒီအခွင့်အရေးကို ရယူနိုင်ဖို့ မျှော်လင့်ပါတယ်"ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားဖြင့် ပြောကြားခဲ့သည်။

ကျွန်ုပ်တို့သည် ၂၀၂၁ ခုနှစ်တွင် မြန်မာ့နိုင်ငံရေး အချိုးအကွေ့တစ်ခုနှင့် ကြုံတွေ့ခဲ့ရသည်။ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းနေသည့်ကာလ၌ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို အကျည်းတန်အရုပ်ဆိုးစေသော မမှန်မကန်လုပ်ရပ်များဖြစ်ပေါ်ခဲ့သဖြင့် မြန်မာ့နိုင်ငံရေးအချိုးအကွေ့တစ်ခုဖြစ်ပေါ်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် မြန်မာ့နိုင်ငံရေးခရီးကို ကြမ်းတမ်းခက်ထန်စွာ ဖြတ်သန်းပြီးနောက် ၂၀၂၂ ခုနှစ်တွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမတို့သည် အခက်အခဲများစွာနှင့် စိန်ခေါ်မှုပေါင်းစုံတို့ကြားမှ အားလုံး၏စည်းလုံးညီညွတ်မှု၊ စိတ်ရှည်သည်းခံမှုနှင့် သဘောထားပြည့်ဝမှုများဖြင့် အကောင်းဆုံးဖြတ်ကျော်ခဲ့သည်။

ကျွန်ုပ်တို့သည် ၂၀၂၂ ခုနှစ်တွင် ဖြစ်ပေါ်ပြောင်းလဲမှုများကို ဆင်ခြင်သုံးသပ်၍ ယခု ၂၀၂၃ ခုနှစ်ကို ဖြတ်သန်းကြရမည်ဖြစ်သည်။ ဖြစ်ပေါ်ခဲ့သော မြန်မာ့နိုင်ငံရေး အချိုးအကွေ့တစ်ခုသည် သမိုင်းပေးအခြေအနေအရ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပြီး စိတ်ပျက်အားလျှော့ခြင်းမဖြစ်စေဘဲ အခွင့်အလမ်းကောင်းတစ်ခုအဖြစ် အရယူကြရမည်ဖြစ်သည်။ ကုန်လွန်ခဲ့သောနှစ်ကာလများတွင် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းများနှင့် ဖြစ်ပေါ်ခဲ့မှုများကို သတိပြုမိကြဖို့လိုမည်ဖြစ်သည်။ ယင်းတို့ကို ကောင်းသောစိတ်နှလုံးဖြင့် သုံးသပ်ဆင်ခြင်သတိပြု၍ ကျော်လွှားလွန်မြောက်နိုင်အောင် တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်သောအားမာန်များဖြင့် ဆက်လက်ကျော်ဖြတ်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအတွက် အခွင့်အရေးတစ်ခုမှာ ပြည်ထောင်စု၏ စည်းလုံးညီညွတ်မှုသမိုင်းမှတ်တိုင်တစ်ခုဖြစ်သည့် စိန်ရတုပြည်ထောင်စုနေ့ကို ဖြတ်သန်းလာပြီးနောက် ဆက်လက်၍ စိန်ရတုလွတ်လပ်ရေးနေ့ကိုရောက်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံအတွက် ထူးခြားလေးနက်မှုကို ဆောင်ကြဉ်းသည့် စိန်ရတုကာလများတွင် မိမိတို့ဘိုးဘွားဘီဘင်များ၏ စွန့်လွှတ်စွန့်စားကြိုးပမ်းအားထုတ်ခဲ့မှုများကို သတိရကျေးဇူးသိသောအားဖြင့် ပြည်ထောင်စုကြီးစည်းလုံးညီညွတ်ရေးနှင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တိုင်းရင်းသားပြည်သူအားလုံးတို့က ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ကုန်လွန်ခဲ့ပြီးဖြစ်တဲ့ (၇၅) နှစ်တာကာလအတွင်း နိုင်ငံနှင့် လူမျိုးအတွက် အကျိုးမပြုစေခဲ့တဲ့အတွေးအခေါ်များနဲ့ လုပ်ဆောင်ချက်များကိုချန်ရစ်ခဲ့ပြီး နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမယ့် အပြုသဘောဆောင်ရွက်ချက်များကို "မြန်မာစိတ်" မွေးပြီးတော့ စည်းစည်းလုံးလုံးလုပ်ကိုင်သွားကြမယ်ဆိုရင် ကျွန်တော်တို့သွားချင်တဲ့ "ပန်းတိုင်"ကို မလွဲမသွေရောက်ရှိမှာပဲဖြစ်ပါတယ်"ဟု ပြောကြားထားသည်။ ကျွန်ုပ်တို့အားလုံးသည် နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှု၍ ပိုမိုကောင်းမွန်သည့် လူမှုစီးပွားဘဝများကို အနာဂတ်မျိုးဆက်သစ်များအတွက် တည်ဆောက်ပေးသွားမှသာ နိုင်ငံသားကောင်းအဖြစ်နှင့် သမိုင်းပေးတာဝန်ကျေပွန်လိမ့်မည်ဖြစ်သည်။

အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းသောအမွေ ထားရစ်ခဲ့နိုင်ရန်အတွက် စိန်ရတုကာလတွင် ရရှိနေသောအခွင့်အလမ်းကောင်းတစ်ခုကို ရယူဆုပ်ကိုင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့ ရယူရမည့်အခွင့်အရေးမှာ လွတ်လပ်ရေးရရှိပြီးဖြစ်သည့် (၇၅) နှစ်မြောက် စိန်ရတုကာလတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့သော ဖွံ့ဖြိုးတိုးတက်မှုများနှင့် ရလဒ်ကောင်းများရရှိနေသည့် ငြိမ်းချမ်းရေးအသီးအပွင့်များအား ခံစားနိုင်ရန်အတွက် အစပျိုးသည့် နှစ်တစ်နှစ်ဖြစ်နေသောကြောင့် အဆိုပါနိုင်ငံရေးအချိုးအကွေ့တစ်ခုတွင် သမိုင်းကောင်းတစ်ခုကို ဖန်တီးနိုင်ရန်အတွက် တိုင်းရင်းသားပြည်သူအားလုံးပါဝင်ကြရန်ဖြစ်ပါသည်။

အချိုးအကွေ့တစ်ခုတွင် အခွင့်အလမ်းတစ်ခုကို အမိအရယူနိုင်မှသာ ကျွန်ုပ်တို့အားလုံး အတူတကွလျှောက်လှမ်းလိုသည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ပိုမိုကောင်းမွန်သည့် ပေါင်းစည်းညီညွတ်မှုများဖြင့် ဆက်လက်တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း။ ။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၁ / ၂၀၂၃**

**၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်**
**( ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် )**

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အားဖြင့် လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရငဲ့ညှာထောက်ထားသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့်စေတနာကိုနားလည်စေရန် ရှေးရှုသောအားဖြင့် လည်းကောင်း အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/သူ (၇၀၁၂)ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ "နောက်တစ်ကြိမ်ပြစ်မှုထပ်မံ ကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုလျှော့ပေါ့၍ လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၂ / ၂၀၂၃**

**၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်**
**( ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် )**

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အားဖြင့် လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရငဲ့ညှာထောက်ထားသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့် စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့် လည်းကောင်း ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေအရ ပြစ်မှုများ၊ မတရားအသင်းများအက်ဥပဒေအရ ပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေပုဒ်မ ၁၉(စ)အရ ပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက် (အရေးပေါ်ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက် (ယာယီပြင်ဆင်ချက်) အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်အရ ပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ ပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/ သူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံနေရသော ပြစ်ဒဏ်၏ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

**ချစ်ကြည်လေးစားရပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျာ–**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သော ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ထူးနေ့မြတ်အခါသမယတွင် နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူများအားလုံးသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ပြီး စည်းလုံးညီညွတ်စွာ အတူတကွစုပေါင်း၍ ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့ကြသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်ခဲ့ပါသည်။ သို့ရာတွင် ၁၉ ရာစုနှောင်းပိုင်း၌ ကိုလိုနီနယ်ချဲ့တို့က ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲခဲ့ပြီး မတရားကျူးကျော်သိမ်းပိုက်ခဲ့သည့်အတွက် မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်လွှတ်ဆုံးရှုံးခဲ့ရပါသည်။

သူ့ကျွန်ဘဝတွင် နယ်ချဲ့တို့သည် တိုင်းရင်းသားတို့အပေါ် နည်းအမျိုးမျိုးဖြင့် ဖိနှိပ်သွေးခွဲအုပ်ချုပ်မှုကြောင့် အထင်မြင်လွဲမှားမှုများရှိခဲ့သော်လည်း တိုင်းရင်းသားခေါင်းဆောင်များ၏ ဦးဆောင်မှုနှင့်အတူ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးတို့က ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်တို့ကို စည်းလုံးညီညွတ်စွာ သက်စွန့်ကြိုးပမ်း တွန်းလှန်ခဲ့ခြင်းကြောင့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြပြီး ယခုအခါ (၇၅)နှစ်မြောက် စိန်ရတုအခါသမယသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

လွတ်လပ်ရေးဆုံးရှုံးရန်အတွက် ရက်ပိုင်းလပိုင်းမျှသာ ကြာမြင့်နိုင်သော်လည်း ဆုံးရှုံးသွားသည့် လွတ်လပ်ရေးကို ပြန်လည်ရယူရန်အတွက် ကြိုးပမ်းရာတွင် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ရပါသည်။ နှစ်ပေါင်းတစ်ရာကျော်အတွင်း ဘိုးဘွားတို့၏ အသက်သွေးချွေးများစွာ ပေးဆပ်၍ မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သော်လည်း ကိုလိုနီစနစ်၏ အမွေဆိုးကြောင့် တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးကို ထိပါးလာခဲ့ပါသည်။

ရရှိပြီးသော လွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရေးအတွက် ပြည်တွင်းပြည်ပ အဖျက်အမှောင့်များ၏ သွေးထိုးလှုံ့ဆော်မှုများ၊ ဖိအားပေးမှုများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသိဖြင့် သတိကြီးစွာကာကွယ်ကြရမည်ဖြစ်ပါသည်။ ထို့အပြင် ဒို့တာဝန်အရေး ၃ ပါးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အစဉ်နှလုံးသွင်းလျက် စစ်မှန်၍စည်းကမ်းပြည့်ဝပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့ရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်သည်။

❖ **တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်ခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့ကို အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ စုပေါင်းဆောင်ရွက်ခြင်းဖြင့် တွေ့ကြုံရမည့် အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားပြီး နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ်၊ နိုင်ငံရေးလုပ်ငန်းစဉ် (၂)ရပ်တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပြီး ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal) ဆိုသည့်ဆောင်ပုဒ်ကို လက်တွဲညီညီ အကောင်အထည်ဖော်သွားပါမည်**

**ချစ်ကြည်လေးစားရပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျာ–**

လူသားများ အသက်ရှင်နေထိုင်လှုပ်ရှားသွားလာရန် လိုအပ်သော စွမ်းအင် (energy) ကို အစားအသောက်များက ရရှိခြင်းဖြစ်သည့်အတွက် စားနပ်ရိက္ခာလုံခြုံမှုရှိရေး (Food Security) သည် သက်ရှိလူသားများအားလုံးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး လိုအပ်ချက်တစ်ခုပင်ဖြစ်ပါသည်။ နိုင်ငံတစ်ခုတွင် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များကို သင့်တင့်သောဈေးနှုန်းဖြင့် လွယ်ကူလုံလောက်စွာ ဝယ်ယူနိုင်မည်ဆိုပါက အဆိုပါနိုင်ငံကို စားနပ်ရိက္ခာပြည့်စုံကုံလုံသော နိုင်ငံအဖြစ် မှတ်ယူနိုင်မည်ပင်ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်အကုန်တွင် ကမ္ဘာ့လူဦးရေသည် ၈ ဘီလီယံသို့ ရောက်ရှိပြီဖြစ်သောကြောင့် လူဦးရေတိုးမြင့်လာခြင်းနှင့်အတူ စားနပ်ရိက္ခာလိုအပ်မှု (Demand) သည်လည်း အချိုးကျမြင့်တက်လာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ခေတ်အဆက်ဆက်ကပင် ပြည်တွင်းစားနပ်ရိက္ခာဖူလုံသည့်အပြင် ပိုလျှံသော စိုက်ပျိုးရေးနှင့်မွေးမြူရေးထွက်ကုန်များအား အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများသို့ တင်ပို့နိုင်ခဲ့သဖြင့် ယခုအခါတွင် ကမ္ဘာ့နိုင်ငံများသို့ စားနပ်ရိက္ခာလုံခြုံမှု (Food Security) ပေးနိုင်သည့် နိုင်ငံဖြစ်လာရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့်အတွက် ပညာရေးမြှင့်တင်ခြင်းဖြင့် ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း (KG+9) (အခြေခံပညာ အလယ်တန်းအဆင့်) ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ပြည်သူများဖြစ်သောကြောင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအတွက် လာမည့်ပညာသင်နှစ်မှစ၍ ခရိုင် ၅၀ ခုတွင် အထက်တန်းကျောင်းတစ်ကျောင်းစီကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ ပညာရပ်များကို တွဲဖက်သင်ကြားပေးမည်ဖြစ်သည့်အပြင် MSME စီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူရရှိစေရန် ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးသောကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် မြေ၊ ရေ၊ သဘာဝသယံဇာတ ကြွယ်ဝလှသည်ဖြစ်ရာ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများကို ဒေသတစ်ခု ထုတ်ကုန်တစ်မျိုးဖြစ်အောင် အားပေးမြှင့်တင်ပြီး ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် အခြေခံလူသုံးကုန်ပစ္စည်းကို ပြည်ပကတင်သွင်းနေရသူ Importer အဖြစ်မှ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်လျက် ပြည်ပသို့ပြန်လည်တင်ပို့နိုင်သူ Exporter အဖြစ်သို့ ရောက်ရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သယံဇာတများကို ထုတ်ယူသုံးစွဲပြီးပါက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း စနစ်တကျ ပြန်လည်ဆောင်ရွက်ကြရမည်ဖြစ်ကာ ထိုသို့ဆောင်ရွက်မှသာလျှင် စဉ်ဆက်မပြတ်သည့် ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့အချိန်အထိ နိုင်ငံရေးပုံစံအမျိုးမျိုးဖြင့် ဖြတ်သန်းလာခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် (၇၅)နှစ်ပြည့်မြောက်ပြီး စိန်ရတုလွတ်လပ်ရေးနေ့သို့ပင်တိုင်ခဲ့ပြီဖြစ်ပါသည်။ ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်း၊ ကျေးဇူးရှိသူကို ကျေးဇူးပြုခြင်းတို့သည် မင်္ဂလာတစ်ပါးဖြစ်သည့်အတွက် ကောင်းမွန်သော ဆောင်ရွက်မှုများကိုဖော်ထုတ်ပြီး ချီးမြှင့်မှတ်တမ်းတင်ခြင်းကို အစဉ်အလာတစ်ခုဖြစ်သွားသည်အထိ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ (၇၅)နှစ်တာကာလအတွင်း အမြင်ချင်းမတူ၊ ခံယူချက်ချင်းမတူ၊ ရပ်တည်ချက်ချင်းမတူသော်လည်း အမိမြန်မာနိုင်ငံတော်အကျိုးအတွက် နယ်ပယ်အသီးသီးမှ ကဏ္ဍအမျိုးမျိုးဖြင့် သယ်ပိုးခဲ့ကြသူများကို ပုဂ္ဂိုလ်ရေးရာခွဲခြားခြင်းမရှိဘဲ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက်လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) သဘောတူညီချက်များအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကိုလည်း ဖော်ဆောင်လျက်ရှိပါသည်။

ပြည်သူတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက် လွတ်လပ်၍တရားမျှတမှုရှိသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ဖြစ်ပေါ်လာစေရေး ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်ခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့ကိုအခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ စုပေါင်းဆောင်ရွက်ခြင်းဖြင့် တွေ့ကြုံရမည့် အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားပြီး နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ်၊ နိုင်ငံရေးလုပ်ငန်းစဉ် (၂) ရပ်တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပြီး ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal) ဆိုသည့်ဆောင်ပုဒ်ကို လက်တွဲညီညီ အကောင်အထည်ဖော်သွားပါမည်။

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အလေးအနက်ထားခံယူလျက် ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

❖ **ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက်လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) သဘောတူညီချက်များအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကိုလည်း ဖော်ဆောင်လျက်ရှိ**

❖ **ပြည်သူတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက် လွတ်လပ်၍တရားမျှတမှုရှိသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ဖြစ်ပေါ်လာစေရေး ဦးတည်ဆောင်ရွက်လျက်ရှိ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ မိန့်ခွန်းပြောကြားစဉ်။



(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။

✻ ရှေ့ဖုံးမှ

ဒုတိယသမ္မတ(ငြိမ်း) သရေစည်သူ ဦးညွှန့်ထွန်းနှင့်ဇနီး၊ ခေတ်အဆက်ဆက် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံတော်အကြီးအကဲများ၏ မိသားစုဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ တပ်မတော်မှ အငြိမ်းစားဗိုလ်ချုပ်ကြီးနှင့် ဒုတိယဗိုလ်ချုပ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များ၊ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဂုဏ်ထူးဆောင်ဘွဲ့ ရရှိကြသူများ၊ NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် NCA စာချုပ် လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်မှ အရာရှိကြီးများ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ အနုပညာရှင်များ၊ အစိုးရမဟုတ်သောအသင်းအဖွဲ့များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကို ချီတက် အလေးပြုကြမည့် စစ်ရေးပြမှူးကြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင် ဦးဆောင်သော နိုင်ငံတော်အလံအဖွဲ့နှင့် စစ်ရေးပြတပ်ရင်းများသည် စုရပ်ကွင်းမှ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပမည့် ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

## ငြိမ်းချမ်းရေးချိုးဖြူငှက်

နံနက် ၇ နာရီတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် အခမ်းအနားကျင်းပမည့် ဥပစာရင်ပြင်ရှိ အလေးပြုခံစင်မြင့်သို့ ရောက်ရှိရာ တပ်ပေါင်းက အလေးပြုကြသည်။ တစ်ချိန်တည်းတွင် အမြောက်တပ်ဖွဲ့က အမြောက် ၂၁ ချက် ပစ်ဖောက်ဂုဏ်ပြုပြီး (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ငြိမ်းချမ်းရေးချိုးဖြူငှက် အကောင် ၇၅ဝ ကို လွှတ်တင်သည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ တပ်ပေါင်းနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံကို အလေးပြုကြပြီး ဆက်လက်၍ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များကို အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်လွတ်လပ်ရေးရရှိရန်နှင့် လွတ်လပ်ရေးကို အဓွန့်ရှည် တည်တံ့ရန်အတွက် အသက်ခန္ဓာပေးဆပ်ခဲ့သူများကို ဂုဏ်ပြုအောက်မေ့ သတိရသောအားဖြင့် ၂ မိနစ်ငြိမ်သက်ကြပြီး ဆက်လက်၍ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ သစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် စစ်ရေးပြတပ်ရင်း၊ ဂုဏ်ပြုယာဉ်များ၊ တပ်မတော်နှင့် ပြည်ထဲရေးမှ ယန္တရားတပ်ခွဲများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ မိန့်ခွန်းပြောကြားသည်။(**နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ ၈ တွင် ဖော်ပြထားပါသည်။**)

ထို့နောက် တပ်မတော်(လေ)မှ စမ်းသပ်ထုတ်လုပ်သည့် MTX-1A အပါအဝင် PT-6 လေယာဉ် ၁၅ စင်းဖြင့် အင်္ဂလိပ်အက္ခရာ 75 ပုံစံ အုပ်ဖွဲ့၍ ဗိုလ်ရှုခံအဆောက်အအုံ၏ရှေ့တူရူမှပျံသန်းဝင်ရောက်ကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ကို အလေးပြုကြသည်။ **စာမျက်နှာ ၅ သို့** ★



K-8 W ဂျက်တိုက်လေယာဉ် ငါးစင်းနှင့် ဝန်ကြီးဌာနကိုယ်စားပြု တပ်ခွဲတို့ ချီတက်အလေးပြုကြစဉ်။



မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ အလံတော်အဖွဲ့ ချီတက်အလေးပြုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ ချီတက်အလေးပြုစဉ်။

★ **စာမျက်နှာ ၄ မှ**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ကို စစ်ရေးပြမှူးကြီး ဦးဆောင်သည့် နိုင်ငံတော်အလံအဖွဲ့၊ တပ်မတော်(ကြည်း)အလံတော်အဖွဲ့၊ တပ်မတော်(ကြည်း) ကိုယ်စားပြုတပ်ခွဲ၊ ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲတို့က တပ်ရင်း(၁)အဖြစ် လည်းကောင်း၊ တပ်မတော်(ရေ) အလံတော် အဖွဲ့၊ တပ်မတော်(ရေ) ကိုယ်စားပြုတပ်ခွဲ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားပြုတပ်ခွဲ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲနှင့် တပ်မတော်(ကြည်း) စစ်တီးဝိုင်းအဖွဲ့တို့က တပ်ရင်း(၂)အဖြစ်လည်းကောင်း၊ တပ်မတော်(လေ) အလံတော်အဖွဲ့၊ တပ်မတော်(လေ) ကိုယ်စားပြုတပ်ခွဲ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ ဥပဒေရေးရာဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲနှင့် ပြန်ကြားရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲတို့က တပ်ရင်း(၃)အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အလံတော်အဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ကိုယ်စားပြုရဲတပ်ခွဲ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တီးဝိုင်းတပ်ခွဲတို့က တပ်ရင်း(၄) အဖြစ်လည်းကောင်း ချီတက်အလေးပြုကြသည်။



အလွတ်ခုန် လေထီးအဖွဲ့မှ လေထီးအရာရှိစစ်သည်တစ်ဦးက တပ်မတော်အလံ ချိတ်ဆွဲသယ်ဆောင်ကာ ဝေဟင်ထက်မှ မြေပြင်သို့ ဆင်းသက်၍ ချီတက်အလေးပြုစဉ်။

ဆက်လက်၍ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ အလံတော်အဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ကိုယ်စားပြုတပ်ခွဲ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကိုယ်စားပြု တပ်ခွဲ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲတို့က တပ်ရင်း (၅)အဖြစ်လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အလံတော်အဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ စွမ်းအင်ဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တီးဝိုင်းတို့က တပ်ရင်း(၆)အဖြစ်လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အလံတော်အဖွဲ့၊ စက်မှုဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ အလုပ်သမားဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲနှင့် ပညာရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲတို့က တပ်ရင်း (၇)အဖြစ်လည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အလံတော်အဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြု တပ်ခွဲနှင့် အ.ထ.က(၁) နေပြည်တော် ကျောင်းသား ကျောင်းသူလေးများ၏ ဘင်ခရာအဖွဲ့တို့က တပ်ရင်း(၈)အဖြစ်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အလံတော်အဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲတို့က တပ်ရင်း (၉)အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုစစ်တီးဝိုင်းက လည်းကောင်း ချီတက်အလေးပြုကြသည်။

**အုပ်ဖွဲ့ပျံသန်းအလေးပြု**

ထိုသို့ ချီတက်အလေးပြုနေစဉ်အတွင်း Mi–35 P ရဟတ်ယာဉ်က နိုင်ငံတော်အလံကို ချိတ်ဆွဲပြီး Eurocopter ရဟတ်ယာဉ် နှစ်စင်းတို့က စောင့်ကြပ်လိုက်ပါ ပျံသန်း၍လည်းကောင်း၊ Mi–2 ၊ H–120 ၊ H–125 လေယာဉ်များ အုပ်ဖွဲ့ ပျံသန်း၍လည်းကောင်း၊ Y–12 သယ်ယူပို့ဆောင်ရေးလေယာဉ်သုံးစင်း အုပ်ဖွဲ့ပျံသန်း၍လည်းကောင်း၊ ATR 72 သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းနှင့် Beech သယ်ယူပို့ဆောင်ရေးလေယာဉ် နှစ်စင်းတို့ကအုပ်ဖွဲ့ပျံသန်း၍လည်းကောင်း၊ Fokker 70 သယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စင်းနှင့် MiG –29 ဘက်စုံသုံးတိုက်လေယာဉ် နှစ်စင်းတို့က အုပ်ဖွဲ့ပျံသန်း၍ လည်းကောင်း၊ K–8 W ဂျက်တိုက်လေယာဉ် ငါးစင်းက (Smoke Trail ) အသုံးပြုပြီး နိုင်ငံတော်အလံ ကိုယ်စားပြုအရောင်များ ထုတ်လွှတ်ကာ အုပ်ဖွဲ့ပျံသန်း၍လည်းကောင်း၊ A–5 ဗုံးကြဲလေယာဉ် တစ်စင်းနှင့် Yak – 130 ဂျက်တိုက်လေယာဉ် သုံးစင်းတို့က အုပ်ဖွဲ့ပျံသန်း၍ လည်းကောင်း၊ F–7 ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ် လေးစင်းတို့က အုပ်ဖွဲ့ပျံသန်း၍ လည်းကောင်း၊ FTC – 2000 G ဂျက်တိုက်လေယာဉ် လေးစင်းတို့က အုပ်ဖွဲ့ပျံသန်း၍ လည်းကောင်း အလေးပြုကြသည်။

**စာမျက်နှာ ၆ သို့** ■



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ကို ရာဇဝင်းခင်း၍ ချီတက်အလေးပြုကြစဉ်။




ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စစ်သည်များနှင့် ရဲမေများက စွမ်းရည်ပြကွက်များ ပြသ၍ ချီတက်အလေးပြုကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ချီတက်အလေးပြုသည့် ဂုဏ်ပြုယာဉ်များ၊ သရုပ်ပြအဖွဲ့များနှင့် ဂုဏ်ပြုအကအဖွဲ့များကို ရင်းရင်းနှီးနှီး လက်ပြနှုတ်ဆက်စဉ်။

■ စာမျက်နှာ ၅ မှ

တစ်ချိန်တည်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူလေးများ က "(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့" (၄-၁-၂၀၂၃) စာသား၊ "75th Anniversary of Diamond Jubilee Independence Day" (4.1.2023) စာသား၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ ပုံရိပ်၊ "စည်းလုံးခြင်းသည် အင်အား" စာသား၊ စည်းလုံးညီညွတ်မှု၏ အရေးပါမှုကို သရုပ်ဖော်ထားသည့် ထင်းစည်းချီးရုပ်တုအား တိုင်းရင်းသားလူမျိုးရှစ်မျိုး ခြံရံထားသည့် ပုံရိပ်၊ "လွတ်လပ်ရေးကို ကာကွယ်ပါ" ဆိုသည့် သရုပ်ဖော်စာလုံး၊ ချိုးဖြူငှက်က သံလွင်ခက်ကို ချီ၍ ပျံသန်းနေသည့်ပုံရိပ်၊ "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" စာသား၊ "Keep Moving Forward to Achieve Our Goal" စာသား၊ "ပြန်လည်ဆုံတွေ့ကြပါစို့" စာသားတို့ကို ညီညာလှပစွာ သရုပ်ဖော်တင်ဆက်ပြသကြသည်။

ထိုအချိန်တွင် အလွတ်ခုန် လေထီးအဖွဲ့မှ လေထီးအရာရှိ စစ်သည်၊ စစ်သမီးနှင့် အခြားအဆင့် လေထီးစစ်သည်၊ စစ်သမီး စုစုပေါင်း ၇၅ ဦးတို့က ဝေဟင်အမြင့်ပေ ၇၅၀၀ မှ အလွတ်ခုန်၍ တပ်မတော်အလံ၊ ကြည်း၊ ရေ၊ လေ အလံများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုအလံများ၊ ဝန်ကြီးဌာနကိုယ်စားပြု အလံများ၊ ကာကွယ်ရေးအလံနှင့် ရောင်စုံအလံများ ချိတ်ဆွဲသယ်ဆောင်ကာ ဝေဟင်ထက်မှ မြေပြင်သို့ ဆင်းသက်၍ ချီတက်အလေးပြုကြသည်။

**ချီတက်အလေးပြု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ကို စိန်ရတုလွတ်လပ်ရေးနေ့ ဦးဆောင်ဂုဏ်ပြုယာဉ်ဖြင့် လည်းကောင်း၊ ဘုရင်၊ အိမ်ရှေ့စံ၊ မိဖုရားများ၊ သားတော်သမီးတော်များ၊ ရံရွေတော်များ၊ ဝန်ကြီးများ၊ ပညာရှိအမတ်များ၊ စစ်သူကြီးများ၊ သူရဲသူကြွယ်များ၊ ဆွေတော်မျိုးတော်များ၊ ဆင်၊ မြင်း၊ ဗိုလ်ပါမှူးမတ်များနှင့် ရဲမက်တော်များ ပါဝင်သည့် ရာဇဝင်ခင်း၍လည်းကောင်း ချီတက်အလေးပြုကြသည်။

**လိုက်ပါချီတက်**

ထို့နောက် တပ်မတော်၏ ခေတ်အဆက်ဆက်ကို ဖော်ညွှန်းသည့် တပ်ခွဲများဖြစ်သော BIA တပ်ခွဲ၊ BDA တပ်ခွဲ၊ BNA တပ်ခွဲ၊ PBF တပ်ခွဲ၊ BA တပ်ခွဲ၊ ဘယ်ရီတပ်ခွဲ၊ ဂေါ်ရခါးတပ်ခွဲ၊ ပွိုင့် ၃၀၃ တပ်ခွဲ၊ ၅၂ စတင်းတပ်ခွဲတို့နှင့်အတူ တပ်မတော်(ကြည်း) ဂုဏ်ပြုယာဉ် အမှတ်(၁)က လိုက်ပါချီတက်၍လည်းကောင်း၊ တပ်မတော်(ကြည်း) ဂုဏ်ပြုယာဉ် အမှတ်(၂)က လည်းကောင်း၊ မြန်မာ့တပ်မတော်မှ စစ်သမီးများက မြန်မာ့သိုင်းစွမ်းရည်သရုပ်ပြသ၍ လည်းကောင်း၊ တပ်မတော်(ကြည်း) ဂုဏ်ပြုယာဉ် အမှတ်(၃)က လည်းကောင်း၊ မြန်မာ့တပ်မတော်မှ စစ်သည်များက မြန်မာ့သိုင်းစွမ်းရည် သရုပ်ပြသ၍ လည်းကောင်း၊ တပ်မတော်(ရေ) ဂုဏ်ပြုယာဉ်က လည်းကောင်း၊ အကြမ်းဖက်နှိမ်နင်းရေးတပ်နှင့် လုံခြုံရေးတပ်ရင်းမှ စစ်သည်များက စွမ်းရည်ပြကွက်များ ပြသ၍ လည်းကောင်း၊ တပ်မတော်(လေ) ဂုဏ်ပြုယာဉ်က လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စစ်သည်များနှင့် ရဲမေများက စွမ်းရည်ပြကွက်များ ပြသ၍ လည်းကောင်း ချီတက်အလေးပြုကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ကို နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ ချီတက်အလေးပြုစဉ်။


**ဂုဏ်ပြုယာဉ်များ**

ဆက်လက်၍ မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ ထင်ရှားသည့် အထိမ်းအမှတ်များ၊ လူနေမှုစရိုက်လက္ခဏာများ၊ ဓလေ့ထုံးတမ်း အစဉ်အလာများနှင့် ထုတ်ကုန်များကို သရုပ်ဖော်ပြသထားသည့် နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်း ဒေသကြီးတို့မှ ဂုဏ်ပြုယာဉ်များနှင့်ဖျော်ဖြေရေးအဖွဲ့များက တေးသီချင်းအကအလှများဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊

**စာမျက်နှာ ၇ သို့** ■



အလွတ်ခုန် လေထီးအဖွဲ့မှ လေထီးအရာရှိစစ်သမီးများက ဝန်ကြီးဌာနအလံများ ချိတ်ဆွဲသယ်ဆောင်ကာ ဝေဟင်ထက်မှ မြေပြင်သို့ ဆင်းသက်၍ ချီတက်အလေးပြုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ကို ယန္တရားစစ်ကြောင်း ချီတက်အလေးပြုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂုဏ်ပြုစစ်ကြောင်းများ၏ အလေးပြုခြင်းကို ခံယူစဉ်။

■ စာမျက်နှာ ၆ မှ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဥပဒေရေးရာ ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနတို့မှ ဂုဏ်ပြုယာဉ်များက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်မှု လုပ်ငန်းစဉ်များကို သရုပ်ဖော်ပြသ၍ လည်းကောင်း ချီတက်သရုပ်ပြ ဖျော်ဖြေတင်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်ရေးပြတပ်ရင်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးစဉ်။

**ချီတက်အလေးပြု**

ထို့နောက် ယန္တရားစစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းသိန်း ဦးဆောင်သည့်ယန္တရားစစ်ကြောင်းတွင် ခေတ်လွန် အမြောက်ယန္တရားတပ်ခွဲ၊ ခေတ်လွန် သံချပ်ကာ ယန္တရားတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ ယန္တရားတပ်ခွဲ၊ ဒုံးတပ်ဖွဲ့ ယန္တရားတပ်ခွဲ၊ သံချပ်ကာတပ်ဖွဲ့ ယန္တရားတပ်ခွဲ၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ ယန္တရားတပ်ခွဲ၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့ ယန္တရားတပ်ခွဲ၊ တပ်မတော်(ရေ) ယန္တရားတပ်ခွဲ၊ ပြည်ထဲရေးဝန်ကြီးဌာန ယန္တရားတပ်ခွဲတို့ လိုက်ပါချီတက်ပြီး အလေးပြုကြသည်။

ထိုသို့ချီတက်အလေးပြုနေစဉ် တပ်မတော်(လေ) မှ K-8 W ဂျက်တိုက်လေယာဉ်များ အုပ်စုဖွဲ့ပြီး နိုင်ငံတော်အလံကိုယ်စားပြု အရောင်များဖြစ်သည့် အဝါရောင်၊ အစိမ်းရောင်နှင့် အနီရောင် Smoke Trail များ ထုတ်လွှတ်၍ ပျံသန်းခြင်း၊ Su -30 ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်နှစ်စင်းနှင့် MIG-29 ဘက်စုံသုံးတိုက်လေယာဉ်နှစ်စင်းတို့က Composite Box Formation ဖြင့် အုပ်ဖွဲ့ပျံသန်းခြင်းနှင့် Fan Break ခေါ် ယပ်တောင်ပုံစံဖြင့် ဖြန့်ခွဲပျံသန်းခြင်းများ ဆောင်ရွက်၍ အလေးပြုကြသည်။

**ပျံသန်းအလေးပြု**

ယင်းနောက် စိန်ရတုလွတ်လပ်ရေး ဂုဏ်ပြုယာဉ်နှင့်အတူ ယဉ်ကျေးမှု အကအဖွဲ့များက "ပြည့်ရတနာသီချင်း"ဖြင့် ကပြဖျော်ဖြေတင်ဆက် ချီတက်အလေးပြုကြပြီး Su -30 ဘက်စုံသုံး အကြီးစား တိုက်လေယာဉ်တစ်စင်းက တိုက်လေယာဉ်များ၏ အဆင့်မြင့် လှုပ်ရှားစစ်ကစားမှု High Performance Maneuver များကို စွမ်းရည်ပြပျံသန်းခြင်းများ ဆောင်ရွက်၍ ပျံသန်းအလေးပြုကြပြီး Day Time Colour Smoke မီးရှူးမီးပန်းများ ဂုဏ်ပြုပစ်ဖောက်ကြသည်။

**လက်ပြနှုတ်ဆက်**

ချီတက်အလေးပြုစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီး၊ ဧည့်သည်တော်များသည် ချီတက်အလေးပြုသည့် ဂုဏ်ပြုယာဉ်များ၊ သရုပ်ပြအဖွဲ့များနှင့် ဂုဏ်ပြုအကအဖွဲ့များကို ရင်းရင်းနှီးနှီးလက်ပြနှုတ်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်၍ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပရာ ဥပစာရင်ပြင်မှ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**



ရှမ်းပြည်နယ်မှ ဂုဏ်ပြုယာဉ်နှင့် ဖျော်ဖြေရေးအဖွဲ့တို့ ချီတက်သရုပ်ပြ ဖျော်ဖြေတင်ဆက်စဉ်။



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဂုဏ်ပြုယာဉ် ချီတက်သရုပ်ပြ ဖျော်ဖြေတင်ဆက်စဉ်။

# ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ပြောကြားသည့်မိန့်ခွန်း

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား–**

ဒီကနေ့ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ မင်္ဂလာအခါသမယဖြစ်ပါတယ်။ ဒီနေ့ထူးနေ့မြတ်အခါသမယမှာ နိုင်ငံတော်အတွင်း ချစ်ကြည်ရင်းနှီးစွာ အတူတကွနေထိုင်ကြတဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများအားလုံး ကျန်းမာချမ်းသာပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများ သွေးစည်းချစ်ကြည်စွာ စုပေါင်းနေထိုင်ကြတဲ့ အမိမြန်မာနိုင်ငံဟာ အနော်ရထာမင်းတရားကြီးလက်ထက်၊ ဘုရင့်နောင်မင်းတရားကြီးလက်ထက်၊ အလောင်းမင်းတရားကြီးလက်ထက်တို့မှာ ဘုရင့်နိုင်ငံတော်အဖြစ် စည်းလုံးညီညွတ်မှုရှိခဲ့ကြတဲ့အတွက် နိုင်ငံတော်ရဲ့ ဂုဏ်ရှိန်ရောင်ဝါ ထွန်းပြောင်ခဲ့ပါတယ်။ နိုင်ငံရဲ့စည်းလုံးညီညွတ်မှု အားနည်းနေချိန်မှာ ကိုလိုနီနယ်ချဲ့တို့က ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲခဲ့ပြီးနောက် ထီးကျိုးစည်ပေါက် ထီးနန်းပျောက်ပြီး တစ်နိုင်ငံလုံး သူ့ကျွန်ဘဝရောက်ခဲ့ရပါတယ်။ နယ်ချဲ့တွေဟာ မြန်မာနိုင်ငံကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့ကဏ္ဍအသီးသီးမှာ နည်းအမျိုးမျိုးဖြင့် ဖိနှိပ်သွေးစုပ်အမြတ်ထုတ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံကို ကိုလိုနီသက်ဆိုးရှည်စေဖို့ နယ်ချဲ့များက တောင်ပေါ်မြေပြန့် သွေးခွဲအုပ်ချုပ်ခဲ့ပြီး တိုင်းရင်းသားညီအစ်ကို အချင်းချင်း သွေးကွဲအောင် စနစ်တကျသွေးခွဲသပ်လျှိုမှုများကို ပြုလုပ်ခဲ့ကြပါတယ်။

## ပြန်လည်ရယူနိုင်ခဲ့

တိုင်းရင်းသားခေါင်းဆောင်ကြီးများရဲ့ဦးဆောင်မှုနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့အတွက် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ မြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ပါတယ်။ တိုင်းရင်းသားပြည်သူများရဲ့ အသက်၊ သွေး၊ ချွေးများကိုစတေးပြီး ရယူခဲ့ရတဲ့လွတ်လပ်ရေးဟာ အလွန်အရင်းအနှီးကြီးမားလှပါတယ်။ လွတ်လပ်ရေးရခဲ့ပြီးနောက်ပိုင်းမှာလည်း နယ်ချဲ့တို့ရဲ့ သွေးခွဲအုပ်ချုပ်မှု အကျိုးဆက်က ယနေ့ထက်တိုင် ထင်ကျန်နေဆဲဖြစ်ပြီး နိုင်ငံတော်မှာ ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများစွာ ပေါ်ပေါက်လာခဲ့ပါတယ်။ ဒါပေမယ့် လွတ်လပ်ရေးကပေးလိုက်တဲ့ ကြီးမြတ်တဲ့လက်ဆောင်ကတော့ မြန်မာနိုင်ငံသားအားလုံးရဲ့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်နဲ့ စည်းလုံးညီညွတ်မှုတို့ပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားသွေးချင်းညီအစ်ကို မောင်နှမတွေအားလုံး အတူတကွ စည်းလုံးညီညွတ်ကြတဲ့အခါ အောင်မြင်မှုကို မလွဲမသွေရရှိနိုင်တယ်ဆိုတာ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ထင်ရှားတဲ့သာဓကပဲဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ကိုလိုနီလက်အောက်ကို နှစ်ပေါင်း ၁၀၀ နီးပါး ကာလကြာရှည်စွာ ကျရောက်ခဲ့ရသလို ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းဟာလည်း ခက်ခဲရှည်ကြာခဲ့ပါတယ်။ လွတ်လပ်ရေးကို နည်းမျိုးစုံနဲ့ကြိုးပမ်းခဲ့ရာမှာ အသက်၊ ခန္ဓာစွန့်လွှတ်ရသူတွေ၊ ဘဝနဲ့ချီပြီး ရင်းနှီးပေးဆပ်ခဲ့ရသူတွေ များစွာရှိခဲ့ပါတယ်။ သူတို့အားလုံးဟာ ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးကို တည်ဆောက်ခဲ့ကြသူများပဲဖြစ်ပါတယ်။ ဒါ့အပြင် လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ခဲ့သူတွေလည်း ဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်အားလုံးကို **ဒီနေ့၊ ဒီနေရာကနေ ကျွန်တော်အပါအဝင် မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားအားလုံးက ဒီအခမ်းအနားမှာ ၂ မိနစ် ငြိမ်သက်ဂုဏ်ပြုခဲ့ပါတယ်။**

- ❖ **လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ လူတိုင်း၊ နိုင်ငံတိုင်းရဲ့ လိုလားချက်၊ မျှော်လင့်ချက်ဖြစ်ပါတယ်။ ဒီလိုလားချက်၊ မျှော်လင့်ချက်ကို ကျွန်တော်တို့ အရှိန်အဟုန်မြှင့်တင် ဖြည့်ဆည်းကြပါမယ်။**
- ❖ **ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ နိုင်ငံကိုတည်ဆောက်ရာမှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံးဟာ သိသင့်သိထိုက်၊ ရှိသင့်ရှိထိုက်တဲ့ တွေးခေါ်မြော်မြင်မှုတွေ၊ အသိပညာဗဟုသုတတွေ ရှိနေဖို့လိုပါတယ်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

- ❖ **"စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး " နဲ့ "ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး"တို့ဖြစ်ပြီး ကျွန်တော်တို့အနေနဲ့ ခိုင်မာစွာ အာမခံအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။**
- ❖ **တစ်ဦးနဲ့တစ်ဦး စိတ်ရှည်သည်းခံမှု၊ နားလည်ခွင့်လွှတ်မှု၊ ညီရင်းအစ်ကိုမောင်ရင်းနှမစိတ်ဓာတ်တို့ဖြင့် စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်ကြဖို့ အလေးအနက်ထားတိုက်တွန်းလိုပါတယ်။**
- ❖ **ကျွန်တော်တို့တစ်တွေ လုံ့လဝီရိယခွန်အား စိုက်ထုတ် ဆောင်ရွက်ဖို့သာလိုပါတယ်။ "ဆန္ဒကြီးခြင်းဖြင့်၊ ကျွန်တော်တို့ ကြံသမျှပြီးရပါမယ်"။**

လွတ်လပ်ရေးဆိုတာ ဖျတ်ခနဲဆုံးရှုံးသွားတတ်တဲ့ သဘောရှိပြီး ဆုံးရှုံးသွားပြီးမှ ပြန်လည်ရယူဖို့ကြိုးစားတာဟာ နှစ်နဲ့ချီပြီး ကြာရှည်တတ်တဲ့သဘော ရှိပါတယ်။ ဒါကြောင့်မို့လို့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာ အတူလက်တွဲပြီး ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြဖို့ အလေးအနက်ထား တိုက်တွန်းပြောကြားအပ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများခင်ဗျား–**

ကျွန်တော်တို့နိုင်ငံဟာ ရှေးယခင်ဘုရင်များလက်ထက်ကတည်းက ပြည်ထောင်စုနိုင်ငံအသွင်နဲ့ ရပ်တည်ခဲ့တဲ့နိုင်ငံဖြစ်ပါတယ်။ လွတ်လပ်ရေးရရှိပြီးနောက်မှာလည်း ပါလီမန်ဒီမိုကရေစီစနစ်၊ နိုင်ငံတော်တာဝန်ကို ခေတ္တတာဝန်ယူခဲ့ရတဲ့ တပ်မတော်ဦးဆောင်မှုစနစ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ဦးဆောင်တဲ့ တစ်ပါတီစနစ်၊ တပ်မတော်အစိုးရစနစ်နဲ့ ပါတီစုံဒီမိုကရေစီစနစ် စတဲ့စနစ်မျိုးစုံကို ကျင့်သုံးခဲ့ဖူးတဲ့နိုင်ငံဖြစ်ပါတယ်။ ဘုရင်ခေတ်ကနေ ယနေ့အထိ ဖြတ်သန်းလာရတဲ့ အတွေ့အကြုံတွေအရ ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် အသင့်လျော်ဆုံး နိုင်ငံရေးရည်မှန်းချက် ၂ ရပ်ကို ချမှတ်ခဲ့ပါတယ်။

ဒီနိုင်ငံရေးရည်မှန်းချက် ၂ ရပ်က **"စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး " နဲ့ "ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး"တို့ဖြစ်ပြီး ကျွန်တော်တို့အနေနဲ့ ခိုင်မာစွာ အာမခံအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။** ဒီနိုင်ငံရေးရည်မှန်းချက် ၂ ရပ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ဖို့ နိုင်ငံသားတိုင်းရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုက အဓိကကျပါတယ်။ ဒီမိုကရေစီလမ်းကြောင်းက သွေဖည်သွားနိုင်တဲ့ လုပ်ဆောင်ချက်တွေကို ရှောင်ရှားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တည်ဆဲဥပဒေတွေကို လေးစားလိုက်နာကြရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ် တည်ငြိမ်ခိုင်မာစေဖို့ လိုအပ်တဲ့ တရားဥပဒေစိုးမိုးရေးအတွက် **"ဥပဒေရဲ့အထက်မှာ မည်သူမျှမရှိစေရ No One is above the Law "** ဆိုတဲ့အတိုင်း တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

## ရွေးချယ်ဆောင်ရွက်ဖို့လိုအပ်

တိုင်းရင်းသားပြည်သူအားလုံးဆန္ဒဖြစ်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရာမှာ ဒီမိုကရေစီနဲ့ ပတ်သက်ပြီးလည်းကောင်း၊ ဖက်ဒရယ်စနစ်နဲ့ပတ်သက်ပြီးလည်းကောင်း ဘယ်လိုပင် အယူအဆကွဲပြားနေကြသော်လည်း မိမိတို့နိုင်ငံနဲ့ သဟဇာတဖြစ်တဲ့စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီနဲ့ပတ်သက်ပြီး အများဆန္ဒအတိုင်းဆောင်ရွက်ရသကဲ့သို့ လူနည်းစုဆန္ဒကိုလည်း အလေးထားရန် လိုအပ်ပါတယ်။ မိမိနဲ့အယူအဆ၊ ဆန္ဒ မကိုက်ညီသူကို ရန်သူကဲ့သို့သဘောထားပြီး ခွဲခြားဆက်ဆံခြင်းများ၊ ဖယ်ကြဉ်ထားခြင်းများဟာ ဒီမိုကရေစီစနစ်နဲ့ လုံးဝကိုက်ညီမှုမရှိပါဘူး။ ပုဂ္ဂိုလ်ရေးအရ လွန်ကဲစွာယုံကြည်ကိုးကွယ်ခြင်းဟာလည်း လူ့အဖွဲ့အစည်းအတွင်း ကွဲပြားမှုများကို ဖြစ်ပေါ်စေနိုင်ပြီးတော့ အမျိုးသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်တဲ့အတွက် ဒီမိုကရေစီစနစ်နဲ့ ဆန့်ကျင်ဘက်ဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။

ဖက်ဒရယ်စနစ်နဲ့ပတ်သက်လို့ အဓိပ္ပာယ်အမျိုးမျိုး၊ စံနှုန်းအမျိုးမျိုးဖွင့်ဆိုပြီး ပြောနေကြသော်လည်း အနှစ်သာရအနေနဲ့ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုပဲဖြစ်ပါတယ်။

**စာမျက်နှာ ၉ သို့** ★

- ❖ **ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းဟာ အနာဂတ်နိုင်ငံတော်၊ ဒီမိုကရေစီစနစ်အတွက် များစွာ အခိုင်အမာဖြစ်စေပါလိမ့်မယ်။**
- ❖ **လွတ်လပ်ရေးရပြီးစကာလကတည်းက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ချက်ကို နိုင်ငံခြားရေး မူဝါဒရဲ့ အခြေခံအုတ်မြစ်အဖြစ် အစဉ်တစိုက်အသုံးပြုလာခဲ့ပါတယ်။**
- ❖ **ကျွန်တော်တို့အစိုးရအနေနဲ့ "ကျွန်တော်တို့ နိုင်ငံနယ်မြေကို အသုံးပြုပြီး အိမ်နီးချင်းမိတ်ဆွေနိုင်ငံတွေ အပေါ် ဆန့်ကျင်မယ့် မည်သည့်အဖွဲ့အစည်းကိုမှ လက်ခံသွားမည်မဟုတ်" ဆိုတဲ့ အိမ်နီးချင်းနိုင်ငံများ၏ တည်ငြိမ်အေးချမ်းမှု၊ အတူဖွံ့ဖြိုးတိုးတက်မှုတို့ကို အလေးထားတဲ့မူဝါဒကို လက်တွေ့ကျင့်သုံးလျက်ရှိပါတယ်။**
- ❖ **ကျွန်တော်တို့ အစိုးရအနေနဲ့ မြန်မာနိုင်ငံရဲ့အကျိုးကိုလိုလားတဲ့ မည်သည့်နိုင်ငံ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနဲ့ မဆို ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ရှိပါတယ်။**

★ **စာမျက်နှာ ၈ မှ**

ဒီလိုဆောင်ရွက်ရာမှာ ကျွန်တော်တို့ သတိပြုရမှာက မြန်မာနိုင်ငံရဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များမှာ တိုင်းရင်းသားလူမျိုး တစ်မျိုးတည်း သာနေထိုင်တဲ့ တိုင်းဒေသကြီး၊ ပြည်နယ်ဆိုပြီး လုံးဝမရှိပါဘူး။ လူမျိုးပေါင်းစုံ ပျံ့နှံ့နေထိုင်ကြပါတယ်။ သူ့ကျွန်ဘဝဆိုတဲ့ မုန်တိုင်းကို တိုင်းရင်းသားပြည်သူအားလုံးရဲ့ အတူတကွ ပေါင်းစည်းနေထိုင်ကြတဲ့ ညီညွတ်မှုဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ခဲ့မှုကြောင့် လွတ်လပ်ရေးဆိုတဲ့ ပန်းတိုင်ဆီကို အောင်မြင်စွာ အရောက်လှမ်းနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုစည်းလုံးညီညွတ်တဲ့ အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းပြီး **တစ်ဦးနဲ့တစ်ဦး စိတ်ရှည်သည်းခံမှု၊ နားလည်ခွင့်လွှတ်မှု၊ ညီရင်းအစ်ကိုမောင်ရင်းနှမ စိတ်ဓာတ်တို့ဖြင့် စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်ကြဖို့ အလေးအနက်ထား တိုက်တွန်းလိုပါတယ်။**

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့်ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား–**

နိုင်ငံတော်အနေနဲ့ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်လို့ ခံယူပြီး အမျိုးသားရေးမူဝါဒနှစ်ရပ်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေးကို ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဦးတည်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံ့လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့ ကျေးလက်နေပြည်သူတွေ ဖြစ်ကြပါတယ်။ နိုင်ငံသားများရဲ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ အခြားကဏ္ဍတွေမှာ နည်းပညာအသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ရောင်းချခြင်းဖြင့် ပြည်တွင်းစားသုံးမှုဖူလုံစေရုံသာမက ပြည်ပပို့ကုန်များ ပိုမိုတိုးမြင့်လာပြီး နိုင်ငံသားများရဲ့တစ်ဦးချင်းဝင်ငွေ တိုးတက်လာစေမှာဖြစ်ပါတယ်။ ပြည်တွင်းလိုအပ်ချက်ဖြစ်တဲ့ အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းနေရသူ(Importer) အဖြစ်မှ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သူ(Exporter)အဖြစ်သို့ ရောက်ရှိတဲ့အထိ ဆောင်ရွက်သွားဖို့ ရည်မှန်းချက်ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရပါမယ်။

**စား၊ ဝတ်၊ နေရေးလိုအပ်ချက်**

ဒီလိုကြိုးပမ်းဆောင်ရွက်ရာမှာ ကျွန်တော်တို့ဟာ **"ကမ္ဘာကြည့် ကြည့်မြင်"** ဆောင်ရွက်ကြရပါမယ်။ ကမ္ဘာမှာ လူသားတွေအတွက် အဓိကအခြေခံအကျဆုံးလိုအပ်ချက်ကတော့ စား၊ ဝတ်၊ နေရေးပါပဲ။ ကမ္ဘာ့လူဦးရေဟာ ၂၀၀၀ ပြည့်နှစ်မှာ ၆ ဒသမ ၁ ဘီလီယံခန့်၊ ၂၀၂၀ ပြည့်နှစ်မှာ ၇ ဒသမ ၈ ဘီလီယံခန့်၊ ၂၀၂၂ ခုနှစ်မှာ ၈ ဘီလီယံအထိ ဖြစ်လာပြီး နှစ်စဉ်လည်း တိုးတက်လျက်ရှိပါတယ်။ ဒီလိုတိုးတက်လာတဲ့ လူဦးရေနဲ့အညီ စား၊ ဝတ်၊ နေရေးလိုအပ်ချက်ဟာလည်း အချိုးကျမြင့်တက်လာမှာလည်း ဖြစ်ပါတယ်။ အထူးသဖြင့် စားသောက်ကုန်လိုအပ်ချက်တွေဟာလည်း သိသာစွာမြင့်တက်လာမှာဖြစ်ပါတယ်။ လူသားတို့ရဲ့ စားရေးနဲ့ ဝတ်ရေးကို စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍကပဲ အများဆုံးထောက်ပံ့ပေးနေရတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့လူဦးရေအများပြားဆုံး နိုင်ငံများအကြားမှာ ရှိနေပါတယ်။ **မြန်မာနိုင်ငံရဲ့ရာသီဥတုနဲ့ ပထဝီအနေအထားဟာ ကောက်ပဲသီးနှံမျိုးစုံ၊ သစ်သီးဝလံမျိုးစုံနဲ့ မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒီလိုတည်ရှိပြီး အခြေခံအချက်တွေကို ကျွန်တော်တို့ ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ဖို့ လိုပါတယ်။** လူသားတို့အတွက် အခြေခံလိုအပ်ချက်တွေ ဆက်လက်မြင့်တက်လာဦးမယ့် ကမ္ဘာမှာ စားနပ်ရိက္ခာလုံခြုံရေး (Food Security) ဟာလည်း အရေးကြီးလာပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံရေးနဲ့ ဖူလုံရေးအတွက် အထောက်အကူပြုပေးနိုင်တဲ့ အလားအလာကောင်းများစွာ ပိုင်ဆိုင်နေတဲ့နိုင်ငံဖြစ်ပါတယ်။ တစ်ချိန်က အလေးထားပြောကြားခဲ့ကြတဲ့ လယ်ယာစိုက်ပျိုးရေးစွမ်းအားရှိတဲ့ (Agricultural Power Country) နိုင်ငံဖြစ်လာနိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။

**သီးထပ်သီးညှပ်စိုက်ပျိုးမှုတိုးတက်စေအောင် ဆောင်ရွက်**

အဓိကစိုက်ပျိုးသီးနှံများကို စိုက်ဧကတိုးချဲ့ခြင်းထက် သီးထပ်သီးညှပ် စိုက်ပျိုးမှုတိုးတက်စေအောင် ဆောင်ရွက်ခြင်းနဲ့ အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ပေးနိုင်ရင် ယခုအခြေအနေထက် များစွာဖွံ့ဖြိုးတိုးတက်လာနိုင်မှာဖြစ်ပါတယ်။ အလားတူပဲ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူပြီး မွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရင် ပြည်တွင်းသားငါးဖူလုံမှုသာမက ပြည်ပသွင်းကုန်အစားထိုးနိုင်ခြင်း၊ အဓိကပို့ကုန်ကဏ္ဍအဖြစ် ပါဝင်လာနိုင်စေတဲ့အထိ အကျိုးရှိစေနိုင်ပါတယ်။ ဒီလိုအခွင့်အလမ်းကောင်းများစွာ ရှိနေတဲ့အတွက် ပြည်တွင်းစီးပွားရေးမြှင့်တင်မှု၊ ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် အားပေးဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ **လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ လူတိုင်း၊ နိုင်ငံတိုင်းရဲ့ လိုလားချက်၊ မျှော်လင့်ချက်ဖြစ်ပါတယ်။ ဒီလိုလားချက်၊ မျှော်လင့်ချက်ကို ကျွန်တော်တို့ အရှိန်အဟုန်မြှင့်တင်ဖြည့်ဆည်းကြပါမယ်။ ကျွန်တော်တို့တစ်တွေ လုံ့လဝီရိယခွန်အားစိုက်ထုတ် ဆောင်ရွက်ဖို့သာလိုပါတယ်။ "ဆန္ဒကြီးခြင်းဖြင့်၊ ကျွန်တော်တို့ ကြံသမျှပြီးရပါမယ်"။**

ကျွန်တော်တို့အစိုးရအနေနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာမှာ ဖြစ်နိုင်တာတွေကို ပြည်သူလူထုတစ်ရပ်လုံးအကျိုးကို ရှေးရှုပြီး လက်တွေ့ကျကျဆောင်ရွက်သွားပါမယ်။ ပြည်သူလူထုတစ်ရပ်လုံးကလည်း တိုင်းပြည်သာယာဝပြောရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍကနေ နိုင်ငံတော်အကျိုးကို ရှေးရှုပြီး တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့်ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား–**

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကိုရှေးရှုပြီး **"ရှေ့သို့ချီမည်ပန်းတိုင်ဆီ"** (Keep Moving Forward to Achieve Our Goal)ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့လူမှုစီးပွားဘဝကို တည်ဆောက်လျက်ရှိပါတယ်။

**ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့နိုင်ငံကို တည်ဆောက်ရာမှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံးဟာ သိသင့်သိထိုက်၊ ရှိသင့်ရှိထိုက်တဲ့ တွေးခေါ်မြော်မြင်မှုတွေ၊ အသိပညာဗဟုသုတတွေ ရှိနေဖို့လိုပါတယ်။** ဒီကိစ္စကို နေ့ချင်းညချင်း တည်ဆောက်လို့မရပါဘူး။ မျိုးဆက်(Generation) နဲ့ ချီပြီး မျိုးဆက်အလိုက် ဆင့်ကဲတည်ဆောက်သွားရတာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ဖို့ လူသားအရင်းအမြစ်ဟာ အဓိကဖြစ်ပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို အဓိကတည်ဆောက်ကြရပါမယ်။ ကျောင်းနေအရွယ် ကလေးအားလုံး၊ ပညာသင်ယူရမယ့်အရွယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရန်နဲ့ အခြေခံပညာအလယ်တန်းအဆင့် KG+9 ပြီးဆုံးသည်အထိ ပညာသင်ယူနိုင်ရေးဟာ နိုင်ငံတော်အစိုးရရဲ့ ပညာရေးရည်မှန်းချက်ဖြစ်ပါတယ်။ အနည်းဆုံး KG+9 အဆင့် ပြီးမြောက်မှသာ သက်မွေးပညာသင်ကြားရန်အတွက် အခြေခံရသွားမှာဖြစ်ပြီး အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်မှာဖြစ်ပါတယ်။

**ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်း**

စာသင်ကျောင်းပညာရေးကိုအားပေးသလို ကျောင်းပြင်ပ ပညာရေးကိုလည်း ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်သွားရပါမယ်။ နိုင်ငံသူ၊ နိုင်ငံသားတိုင်း မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက်၊ အသက်မွေးဝမ်းကျောင်းအလိုက် အသိပညာ၊ အတတ်ပညာများ ရှာမှီးနိုင်အောင် ဖန်တီးပေးရပါမယ်။ ပညာရှာမှီးရာမှာ အလွယ်ကူဆုံး၊ အသက်သာဆုံးနဲ့ လူအများနဲ့ရင်းနှီးပြီးဖြစ်တဲ့ စာပေဖတ်ရှုခြင်းကတစ်ဆင့်ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ **"စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေး"** ကို ဆောင်ရွက်လျက်ရှိပါတယ်။ **ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းဟာ အနာဂတ်နိုင်ငံတော်၊ ဒီမိုကရေစီစနစ်အတွက် များစွာ အခိုင်အမာဖြစ်စေပါလိမ့်မယ်။**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားလှုပ်ရှားမှုများကို အမျိုးသားရေးအသွင်ဖြင့် တစ်မျိုးသားလုံး စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေဖို့ လိုအပ်ပါတယ်။ မျိုးဆက်သစ်လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးပြီး အားကစားမှာ ထူးချွန်တဲ့ သက်ဆိုင်ရာဒေသကိုယ်စားပြု၊ နိုင်ငံကိုယ်စားပြုသူများ အဆင့်မှ ကမ္ဘာ့အဆင့်ထိ ထိုးဖောက်ပြီး အားကစားဖြင့် နိုင်ငံနှင့် လူမျိုးရဲ့ဂုဏ်ကို မြှင့်တင်နိုင်ရေးအတွက် မျိုးဆက်သစ်များ မွေးထုတ်ရေးကိုလည်း ရည်မှန်းချက်ထား ဆောင်ရွက်သွားကြရပါမယ်။ ကျန်းမာရေးကဏ္ဍမှာ လူတိုင်းလက်လှမ်းမီတဲ့ သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ရရှိသည်အထိ ရည်မှန်းချက်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းနဲ့ ပြည်သူများရဲ့ မျှော်မှန်းသက်တမ်း ယခုထက်ပိုမိုမြင့်မားလာစေရေး ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိတဲ့အတွက် ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းတွေကို ခုချိန်မှာဆိုရင် လျှော့ချထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

တိုင်းပြည်စီးပွားရေးနဲ့ ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးမြင့်လာဖို့ အသေးစား၊ အငယ်စားနဲ့ အလတ်စားကုန်ထုတ်လုပ်မှု MSME လုပ်ငန်းများ အောင်မြင်အောင် အားပေးဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ့စီးပွားရေးဟာ အခြေခံကျကျ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို ပြည်တွင်းအဓိကကုန်ထုတ်လုပ်မှုများဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနဲ့ သဘာဝသယံဇာတများမှထွက်ရှိတဲ့ ကုန်ကြမ်းများကို အခြေခံတဲ့ ကုန်ချောထုတ်လုပ်မှုလုပ်ငန်းများလည်း တိုးမြင့်လာမှာဖြစ်ပါတယ်။ **စာမျက်နှာ ၁၀ သို့** ❍

- ❖ **"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"**
- ❖ **လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနဲ့ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေရဲ့အကျိုးကို ရှေးရှုငဲ့ကွက်ပြီး သက်ဆိုင်သူအားလုံးက ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေးကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကစပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နောင်မျိုးဆက်သစ်များကို ငြိမ်းချမ်းရေးအမွေပေးခဲ့ကြပါစို့**
- ❖ **"အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်တွေနဲ့အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နဲ့အညီ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပြီး အနိုင်ရတဲ့ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမယ်"**

○ စာမျက်နှာ ၉ မှ

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာမှာ သဘာဝ သယံဇာတတွေကို ထုတ်ယူသုံးစွဲသင့်တာမှန်ပေမယ့်လည်း စည်းစနစ်တကျ ထုတ်ယူသုံးစွဲဖို့လိုပါတယ်။ တိုင်းပြည်နဲ့ နောင်မျိုးဆက်များရဲ့ အနာဂတ်ကို ထည့်သွင်းတွက်ချက်ဆောင်ရွက်ရပါမယ်။ ယခင်က ရရှိခဲ့တဲ့ ထိခိုက်မှုများအတွက်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားရပါမယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သယံဇာတများကို ထုတ်ယူအသုံးပြုရာမှာ ကုန်ကြမ်းအဖြစ် ရောင်းချခြင်းထက် ကုန်ချောအဖြစ်တိုးတက်ထုတ်လုပ်ဆောင်ရွက်ခြင်းဟာ ဝင်ငွေပိုမိုရရှိခြင်း၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း တိုးတက်ဖန်တီးပေးနိုင်ခြင်းနဲ့ ပြည်တွင်း၌ နည်းပညာနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေခြင်း စတဲ့ အကျိုးကျေးဇူးတွေရရှိမှာဖြစ်ပါတယ်။

- ❖ **တိုင်းရင်းသားတွေအနေနဲ့ သူတို့ရဲ့အခွင့်အရေးတွေ၊ နစ်နာမှုတွေကို ဥပဒေပြုရေးကဏ္ဍမှာ အမြင့်ဆုံးဖြစ်တဲ့ လွှတ်တော်မှာ တရားဝင်ပြောဆိုခွင့်၊ ဆွေးနွေးခွင့်၊ ကျယ်ပြန့်စွာကိုယ်စားပြုခွင့်ရရှိရေးအတွက် ရွေးကောက်ပွဲကို အချိုးကျကိုယ်စားပြု(PR)စနစ်ဖြင့် ကျင်းပနိုင်ဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများနဲ့ တွေ့ဆုံဆွေးနွေးလျက်ရှိပါတယ်။**
- ❖ **ကျွန်တော်တို့အစိုးရအနေနဲ့ "ကျွန်တော်တို့ နိုင်ငံနယ်မြေကို အသုံးပြုပြီး အိမ်နီးချင်းမိတ်ဆွေနိုင်ငံတွေအပေါ် ဆန့်ကျင်မယ့် မည်သည့်အဖွဲ့အစည်းကိုမှ လက်ခံသွားမည်မဟုတ်"ဆိုတဲ့ အိမ်နီးချင်းနိုင်ငံများ၏ တည်ငြိမ်အေးချမ်းမှု၊ အတူဖွံ့ဖြိုးတိုးတက်မှုတို့ကို အလေးထားတဲ့မူဝါဒကို လက်တွေ့ကျင့်သုံးလျက်ရှိပါတယ်။**
- ❖ **(၇၅)နှစ်မှသည် နှစ် ရာ၊ ထောင်မက ကမ္ဘာတည်သရွေ့ နိုင်ငံတော်ကြီးဝင့်ကြွားစွာ ထာဝရတည်တံ့နေဖို့ ကျွန်တော်တို့အားလုံး နိုင်ငံချစ်စိတ်၊ မြန်မာစိတ်နဲ့ ကြိုးစားလုပ်ဆောင်သွားကြဖို့ တိုက်တွန်းလိုပါတယ်။ "ကမ္ဘာတည်သရွေ့၊ မြန်မာတည်ရှိရပါမယ်"။**

**အဏ္ဏဝါမြုစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု**

ဒါ့အပြင် အိမ်သုံးနဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းသုံးအတွက် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာထုတ်လုပ်နိုင်ဖို့နဲ့ လုံလောက်စွာရရှိဖို့အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်လျက်ရှိပါတယ်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်တဲ့ ရေအားနဲ့ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများဆောင်ရွက်နိုင်ခဲ့ပြီး အလားအလာရှိတဲ့ လေအားလျှပ်စစ်၊ ရေအားလျှပ်စစ်စီမံကိန်းတွေအပါအဝင် အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုပြီး လျှပ်စစ်ကဏ္ဍအပါအဝင် အခြားအကျိုးပြုကဏ္ဍများမှာ အသုံးပြုနိုင်ရေးကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်နေသလို ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး၊ ယဉ်ကျေးမှုနဲ့ လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက် လူမှုရေးဦးတည်ချက်တစ်ခုဖြစ်တဲ့ **"တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး"**ဆိုတဲ့ ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာ့ရိုးရာယဉ်ကျေးမှုတွေကို ပြန်လည်ဖော်ထုတ်ပေးဖို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နိုင်ငံတော်အဆင့် ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်အောင်မြင်စွာ ပြန်လည်ကျင်းပပေးနိုင်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပန်းတိုင်ဆီသို့ ဆက်လက်ချီတက်သွားပါမယ်။ တိုင်းရင်းသားပြည်သူအားလုံးကလည်း ကျရာအခန်းကဏ္ဍကနေ အတူပူးပေါင်းချီတက်ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ညီနောင်တော်ကြီးများနှင့်ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား–**

ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းကြောင်းနဲ့ ပထဝီနိုင်ငံရေးအခြေအနေများအရ ကျွန်တော်တို့ဟာ **လွတ်လပ်ရေးရပြီးစကာလကတည်းက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ချက်ကို နိုင်ငံခြားရေးမူဝါဒရဲ့ အခြေခံအုတ်မြစ်အဖြစ် အစဉ်တစိုက်အသုံးပြုလာခဲ့ပါတယ်။** ယနေ့ခေတ်ကာလမှာလည်း ကျွန်တော်တို့အနေနဲ့လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိပါတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုပါတယ်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းလျက်ရှိပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့အညီ နိုင်ငံတော်ရဲ့လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ၊ အာဆီယံ၊ ဘင်းမ်စတက် စတဲ့ဒေသတွင်း၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အခြားကမ္ဘာ့နိုင်ငံတွေနဲ့လည်း နိုင်ငံတကာဥပဒေများ၊ ပဋိညာဉ်များ၊ သဘောတူညီချက်များနဲ့အညီ ဆက်သွယ်ဆက်ဆံ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လိုတဲ့ အချို့အဖွဲ့အစည်းများ၊ နိုင်ငံများရဲ့ စွက်ဖက်မှု၊ နှောင့်ယှက်လုပ်ဆောင်မှုတွေရှိခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်ခုအဖြစ် ခိုင်မာစွာရပ်တည်ပြီး ပြဋ္ဌာန်းထားတဲ့ နိုင်ငံခြားရေးမူဝါဒအတိုင်း ရပ်တည်သွားပါမယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ၊ နိုင်ငံတော်လုံခြုံရေးနဲ့ အမျိုးသားအကျိုးစီးပွားအပေါ် ရပ်တည်သွားပါမယ်။

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ နိုင်ငံတကာရေးရာတွေမှာ နိုင်ငံအားလုံးတန်းတူရည်တူရှိမှုနဲ့ မိတ်ဝတ်မပျက်မိတ်ဆွေအဖြစ် ဆက်ဆံရေးတို့ကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နဲ့ အထူးသဖြင့် နီးကပ်စွာ ဆက်သွယ်ဆက်ဆံပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလေးထားပူးပေါင်းဆောင်ရွက်သွားပါမယ်။ **ကျွန်တော်တို့အစိုးရအနေနဲ့ "ကျွန်တော်တို့ နိုင်ငံနယ်မြေကို အသုံးပြုပြီး အိမ်နီးချင်းမိတ်ဆွေနိုင်ငံတွေအပေါ် ဆန့်ကျင်မယ့် မည်သည့်အဖွဲ့အစည်းကိုမှ လက်ခံသွားမည်မဟုတ်"ဆိုတဲ့ အိမ်နီးချင်းနိုင်ငံများ၏ တည်ငြိမ်အေးချမ်းမှု၊ အတူဖွံ့ဖြိုးတိုးတက်မှုတို့ကို အလေးထားတဲ့ မူဝါဒကို လက်တွေ့ကျင့်သုံးလျက်ရှိပါတယ်။** အလားတူ ကမ္ဘာ့အင်အားကြီးနိုင်ငံများနဲ့လည်း နီးစပ်စွာဆက်သွယ်ဆက်ဆံ ဆောင်ရွက်လျက်ရှိပါတယ်။

**စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်**

ကျွန်တော်တို့အစိုးရသက်တမ်းကာလတစ်လျှောက်မှာ အမျိုးမျိုးသော ဖိအားတွေ၊ ဝေဖန်မှုတွေ၊ တွန်းထိုးတိုက်ခိုက်မှုတွေကြားထဲက မြန်မာနိုင်ငံရဲ့ ပကတိဖြစ်စဉ်မှန်အပေါ် သဘောပေါက်သိရှိပြီး ပူးပေါင်းဆောင်ရွက်၊ ဝိုင်းဝန်းအကြံပေးခဲ့ကြတဲ့ အချို့သောနိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ နိုင်ငံများနဲ့ လူပုဂ္ဂိုလ်များကို ကျေးဇူးတင်ရှိပါကြောင်း ဒီနေရာကနေပြောကြားလိုပါတယ်။ ပြည်သူလူထုရဲ့စစ်မှန်တဲ့ ဆန္ဒဖြစ်ပြီး ကျွန်တော်တို့အစိုးရက ဖော်ဆောင်နေတဲ့ **"စစ်မှန်စည်းကမ်း ပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်"** ခိုင်မာစေရေးမှာ တတ်နိုင်တဲ့ဘက်က ဆက်လက်ဝိုင်းဝန်းပေးကြဖို့လည်း ပြောကြားလိုပါတယ်။ တစ်ဆက်တည်းမှာပဲ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေးရပြီးကာလတွေမှာ ပြာပုံဘဝဖြစ်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံကို ယခုအခြေအနေထိ ရောက်ရှိစေရေးအတွက် ဘဏ္ဍာရေး၊ နည်းပညာ၊ အခွင့်အလမ်း စသည်ဖြင့် ဘက်ပေါင်းစုံမှ ထောက်ပံ့ကူညီပေးခဲ့တဲ့ နိုင်ငံများ၊ အဖွဲ့အစည်းများ အားလုံးကိုလည်း ကျေးဇူးတင်ပါကြောင်း ပြောလိုပါတယ်။ **ကျွန်တော်တို့ အစိုးရအနေနဲ့ မြန်မာနိုင်ငံရဲ့ အကျိုးကိုလိုလားတဲ့ မည်သည့်နိုင်ငံ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနဲ့မဆို ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ရှိပါတယ်။**

**ချစ်ခင်လေးစားအပ်ပါသော ညီနောင်တော်ကြီးများနှင့်ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား–**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်အားအရေးပေါ်အခြေအနေကြေညာခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့အညီသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်တာကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် စောင့်ထိန်း၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ပကတိ လိုအပ်ချက်ဖြစ်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေရေး ကျွန်တော်တို့အစိုးရရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်မှာ **"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"** လို့ ထည့်သွင်းခဲ့ပြီး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

**ဆွေးနွေးမှုတွေ ဆောင်ရွက်ခဲ့**

၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိထားတာနဲ့အညီ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို ကျွန်တော် ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံဆွေးနွေးနိုင်ဖို့ ကမ်းလှမ်းခဲ့ပြီး ဆွေးနွေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ရာမှာ ရပ်တည်သွားမယ့်အချက် ၂ ချက်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပေါ်မှာ အခြေခံပြီး ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါတယ်။ ဒီဆွေးနွေးပွဲတွေကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ၁၀ ဖွဲ့ တက်ရောက်ဆွေးနွေးခဲ့ပြီး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းမယ်ဆိုတဲ့ သဘောထားအမြင်များရှိတာကို တွေ့ရှိရပါတယ်။

တပ်မတော်အနေနဲ့ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲမှုကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်ကနေ ၂၀၂၂ ခုနှစ်အကုန်အထိ ၄ နှစ်တာ ဆောင်ရွက်ပေးခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို NCA လမ်းကြောင်းပေါ် လျှောက်လှမ်းကြဖို့၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိဖို့ ဆောင်ရွက်ခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာရေးလမ်းကြောင်းပေါ်မှာ အမြဲရပ်တည်ခဲ့ပါတယ်။ အခုလည်း ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ကစပြီး ဒီဇင်ဘာလ ၃၁ ရက်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို သက်တမ်းတိုးမြှင့်ပေးထားပါတယ်။ **လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနဲ့ ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေရဲ့အကျိုးကို ရှေးရှုငဲ့ကွက်ပြီး သက်ဆိုင်သူအားလုံးက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကစပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နောင်မျိုးဆက်သစ်များကို ငြိမ်းချမ်းရေးအမွေပေးခဲ့ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။**

**ချစ်ခင်လေးစားအပ်ပါသော ညီနောင်တော်ကြီးများနှင့်ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား–**

စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲတွေဟာ အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်နေပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေးနဲ့ပတ်သက်ပြီး ရှေ့လုပ်ငန်းစဉ် ၅ ရပ်ရဲ့ နောက်ဆုံးအချက်မှာ **"အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်တွေနဲ့အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နဲ့အညီ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပြီး အနိုင်ရတဲ့ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော် တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမယ်"**လို့ ဖော်ပြထားတဲ့အတိုင်း ဆောင်ရွက်လျက်ရှိနေပါတယ်။

- ❖ **လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရေး ကြိုးပမ်းမှုသမိုင်းတွေမှာ "ကိုယ်ကျိုးမငဲ့ တိုင်းပြည်အတွက်" ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေ အများအပြား ရှိခဲ့ပါတယ်။**
- ❖ **၎င်းအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များဟာ မည်သို့ပင် အယူဝါဒကွဲပြားခဲ့ကြသည်ဖြစ်စေ၊ ခံယူချက် ကွဲပြားခဲ့ကြသည်ဖြစ်စေ နိုင်ငံတော်ကို တည်ဆောက်ခဲ့ကြသူများဖြစ်ပါတယ်။ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ခဲ့သူများဖြစ်ပါတယ်။**

စာမျက်နှာ ၁၁ သို့ ○

# (၇၇)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် (၇၇) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

ဦးစွာ (၇၇) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ညစာစားပွဲအခမ်းအနားကျင်းပရာနေရာသို့ ရောက်ရှိကြပြီး နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

စာမျက်နှာ ၁၂ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၇၇)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❍ စာမျက်နှာ ၁၀ မှ

နိုင်ငံတော်အစိုးရအနေနဲ့ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ အခြေခံအချက်အလက်များ ပြည့်စုံမှန်ကန်အောင် သက်ဆိုင်ရာဌာနတွေက ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းတွေကို အဆင့်လိုက်ဆောင်ရွက်လျက်ရှိပါတယ်။ မဲစာရင်း မှန်ကန်ရေးအတွက် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးကိုလည်း အထူးအလေးထားဆောင်ရွက်လျက်ရှိပါတယ်။

**တွေ့ဆုံဆွေးနွေးလျက်ရှိ**

**တိုင်းရင်းသားတွေအနေနဲ့ သူတို့ရဲ့အခွင့်အရေးတွေ၊ နစ်နာမှုတွေကို ဥပဒေပြုရေးကဏ္ဍမှာ အမြင့်ဆုံးဖြစ်တဲ့ လွှတ်တော်မှာ တရားဝင်ပြောဆိုခွင့်၊ ဆွေးနွေးခွင့်၊ ကျယ်ပြန့်စွာ ကိုယ်စားပြုခွင့်ရရှိရေးအတွက် ရွေးကောက်ပွဲကို အချိုးကျကိုယ်စားပြု(PR)စနစ်ဖြင့် ကျင်းပနိုင်ဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများနဲ့ တွေ့ဆုံဆွေးနွေးလျက်ရှိပါတယ်။** လွတ်လပ်၍တရားမျှတပြီး ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံအဝန်းလမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးရရှိရန် ပြည်သူလူထုတစ်ရပ်လုံးနဲ့ လက်တွဲပူးပေါင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ်အသွင်ကူးပြောင်းပြီးနောက် အထွေထွေရွေးကောက်ပွဲ ၃ ကြိမ် ကျင်းပခဲ့ပါတယ်။ နိုင်ငံတစ်ဝန်းမှာ မြို့နယ် ၃၃၀ ရှိတဲ့အနက် ၂၀၁၀ ရွေးကောက်ပွဲမှာ ၃၂၅ မြို့နယ်၊ ၂၀၁၅ ရွေးကောက်ပွဲမှာ ၃၂၃ မြို့နယ်နဲ့ ၂၀၂၀ ရွေးကောက်ပွဲမှာ မြို့နယ် ၃၁၅ မြို့နယ်တို့မှာ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပါတယ်။ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်မယ်ဆိုတဲ့ အစိုးရများလက်ထက်ကျမှ ပြည်သူ့ဆန္ဒဖော်ထုတ်နိုင်မှု ပိုမိုပြီးနည်းပါးသွားတာကို သတိပြုဖွယ် တွေ့ရပါတယ်။ ရွေးကောက်ပွဲများ ကျင်းပရာမှာလည်း နိုင်ငံသားတစ်ဦးချင်းရဲ့ ဆန္ဒသဘောတရားကို လွတ်လပ်စွာဖော်ထုတ်နိုင်ဖို့ ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ လူအုပ်စုဖြင့် အနိုင်ကျင့်လွှမ်းမိုးမှုစတဲ့ မတရားမှုများနဲ့ ကင်းဝေးရပါမယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ တစ်နိုင်ငံလုံး အကြားအလပ်မရှိ အထွေထွေရွေးကောက်ပွဲကျင်းပပေးနိုင်ဖို့၊ မဲပေးကြမည့် နိုင်ငံသားအားလုံး မတရားမှုများမှကင်းဝေးစေဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

မိတ်ဆွေအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများနဲ့ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ အသိတရား၊ သတိတရားလက်ကိုင်ထားပြီး ကျွန်တော်တို့အစိုးရရဲ့ အမျိုးသားရေးလုပ်ငန်းစဉ်များ၊ နိုင်ငံရေးလုပ်ငန်းစဉ်များမှာ ပူးပေါင်းပါဝင်အားပေးပြီး မြန်မာ့ဒီမိုကရေစီအရေးကို ဝိုင်းဝန်းကာကွယ်ပေးကြဖို့ တိုက်တွန်းမေတ္တာရပ်ခံလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့်ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား-**

ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ လွတ်လပ်ပြီးကာလ **လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရေး ကြိုးပမ်းမှုသမိုင်းတွေမှာ "ကိုယ်ကျိုးမငဲ့ တိုင်းပြည်အတွက်" ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေ အများအပြားရှိခဲ့ပါတယ်။** ဗုဒ္ဓကလျာဏယုဝအသင်း(YMBA)၊ မြန်မာနိုင်ငံလုံးဆိုင်ရာအသင်းချုပ်ကြီး(GCBA)၊ တို့ဗမာအစည်းအရုံး၊ ဖဆပလအဖွဲ့ချုပ်ကြီး၊ ရဲဘော်သုံးကျိပ်၊ တော်လှန်ရေးကောင်စီ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ စတဲ့အဖွဲ့အစည်းများ ရှိခဲ့ပါတယ်။

**နိုင်ငံတော်ကို တည်ဆောက်ခဲ့ကြသူများဖြစ်**

လူပုဂ္ဂိုလ်တွေမှာဆိုရင်လည်း လွတ်လပ်ရေးကြိုးပမ်းမှု ခေတ်ဦးကာလမှာ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ ကြွမ်ဘိစ်၊ ပုဂံဗိုလ်ချို စတဲ့ ပုဂ္ဂိုလ်များရှိခဲ့သလို ခေတ်လယ်ပိုင်းမှာလည်း ဦးဘဖေ၊ ဦးချစ်လှိုင်၊ ဆရာစံ၊ သခင်ဖိုးလှကြီး၊ ဗိုလ်အောင်ကျော်၊ သခင်ကိုယ်တော်မှိုင်း၊ ဦးဖိုးကျား၊ ဆရာတင်၊ ဦးဝိစာရ၊ ဦးဥတ္တမ စတဲ့ပုဂ္ဂိုလ်များရှိခဲ့ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုနောက်ဆုံးကာလမှာ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုတဲ့ အာဇာနည်ခေါင်းဆောင်ကြီးများ၊ ဗိုလ်မှူးကြီးဗထူး စတဲ့ပုဂ္ဂိုလ်များ ရှိခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးကာလမှာလည်း နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနဲ့ နိုင်ငံ့ဂုဏ်သိက္ခာကို နယ်ပယ်အသီးသီးက မြှင့်တင်ခဲ့သူတွေရှိခဲ့ပါတယ်။ ဦးနု၊ ဦးဗဆွေ၊ ဗိုလ်ချုပ်ကြီးနေဝင်း၊ ဦးကျော်ငြိမ်း၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်၊ ဒေါက်တာဘမော်၊ ပင်လုံစာချုပ်မှာလက်မှတ်ရေးထိုးခဲ့ကြတဲ့ ခေါင်းဆောင်ကြီးများ စသူတို့ဟာ ထင်ရှားခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ယေဘုယျထင်ဟပ် ပေါ်လွင်အောင်သာ ဥပမာဆောင်ပြောကြားခဲ့တဲ့အတွက် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများစွာ ရှိနေဦးမှာဖြစ်ပါတယ်။ **ၦင်းအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များဟာ မည်သို့ပင် အယူဝါဒကွဲပြားခဲ့ကြသည်ဖြစ်စေ၊ ခံယူချက်ကွဲပြားခဲ့ကြသည်ဖြစ်စေ နိုင်ငံတော်ကို တည်ဆောက်ခဲ့ကြသူများ ဖြစ်ပါတယ်။ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ခဲ့သူများ ဖြစ်ပါတယ်။** ဒါ့ကြောင့် ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံ့တာဝန်ကို ခေတ်အဆက်ဆက်ကြိုးပမ်း တာဝန်ကျေခဲ့သူများ၊ နိုင်ငံအတွက် အသက်ခန္ဓာ စွန့်လွှတ်ခဲ့သူများကို ဘွဲ့ထူး၊ ဂုဏ်ထူးများချီးမြှင့်ခြင်းဖြင့် ဂုဏ်ယူအသိအမှတ်ပြုခဲ့ပါတယ်။ ဒီအခမ်းအနားနဲ့လည်း ထပ်ဆင့်ဂုဏ်ပြုလိုက်ပါကြောင်း ပြောကြားလိုပါတယ်။ **သူတို့ဟာ ကျွန်တော်တို့ရဲ့ ရင်ထဲမှာ အမြဲတည်ရှိနေမှာ ဖြစ်ပါတယ်။**

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့်ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား-**

တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာသာရှိတယ်ဆိုတာ ကျွန်တော်တို့ ဖြတ်သန်းခဲ့တဲ့သမိုင်းက ပြဆိုခဲ့ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်တွင်းအားနဲ့သာ အဓိကထား တည်ဆောက်ကြရပါမယ်။ မြေပေါ်မြေအောက်နဲ့ ရေသယံဇာတကြွယ်ဝပြီး လူသားအရင်းအမြစ်ရှိနေတဲ့ ကျွန်တော်တို့နိုင်ငံဟာ မဖွံ့ဖြိုးမတိုးတက်စရာမရှိပါဘူး။ **ကျွန်တော်တို့ ညီညွတ်ရင်၊ ကြိုးစားရင် ကျွန်တော်တို့နိုင်ငံဟာ ဒေသတွင်းမှသည် ကမ္ဘာ့ထိပ်တန်းနိုင်ငံအထိ မလွဲကေန် ရောက်ရှိမှာဖြစ်ပါတယ်။** (၇၇)နှစ်တာကာလအတွင်း အခက်အခဲပေါင်းများစွာကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ခဲ့မှုအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားလိုပါတယ်။ **(၇၇)နှစ်မှသည် နှစ် ရာ၊ ထောင်မက ကမ္ဘာတည်သရွေ့ နိုင်ငံတော်ကြီး ဝင့်ကြွားစွာ ထာဝရတည်တံ့နေဖို့ ကျွန်တော်တို့အားလုံး နိုင်ငံချစ်စိတ်၊ မြန်မာစိတ်နဲ့ ကြိုးစားလုပ်ဆောင်သွားကြဖို့ တိုက်တွန်းလိုပါတယ်။ "ကမ္ဘာတည်သရွေ့၊ မြန်မာတည်ရှိရပါမယ်"။**

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်ကြီးများနှင့်ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား-**

နိဂုံးချုပ်အနေဖြင့် (၇၇) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်ဖြစ်သော-

- ❖ စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊
- ❖ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေး လုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရေး၊
- ❖ နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကိုရှေးရှုပြီး "ရှေ့သို့ ချီမည် ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal)ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး၊
- ❖ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊
- ❖ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေးတို့အတွက် နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံးရဲ့ စုပေါင်းစွမ်းပကားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းပြီး ကျန်းမာရွှင်လန်းကြပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

✪ စာမျက်နှာ ၁၁ မှ

ဆက်လက်၍ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုယာဉ်များ ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပရာ ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဂုဏ်ပြုဆုရရှိခဲ့ကြသည့် ပြည်ထောင်စုဂုဏ်ပြုယာဉ်နှစ်စီးနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုယာဉ်ငါးစီး၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဂုဏ်ပြုယာဉ်များနှင့်ပြည်ထောင်စုဝန်ကြီးဌာန ဂုဏ်ပြုယာဉ်များမှ အထူးဆုရရှိသည့် ဂုဏ်ပြုယာဉ်များကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို တာဝန်ရှိသူများထံ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက တိုင်းဒေသကြီးနှင့် ပြည်နယ်ဂုဏ်ပြုယာဉ် တတိယဆုရရှိသည့် မန္တလေး တိုင်းဒေသကြီးနှင့် ပြည်ထောင်စုဝန်ကြီးဌာန ဂုဏ်ပြုယာဉ် တတိယဆုရရှိသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာနတို့အတွက် ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများကို တာဝန်ရှိသူများထံ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်ဂုဏ်ပြုယာဉ် ဒုတိယဆုရရှိသည့် ပဲခူး တိုင်းဒေသကြီးအတွက် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဌာန ဂုဏ်ပြုယာဉ် ဒုတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအတွက် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဗိုလ်ရှုခံရင်ပြင်သို့ လေထီးအလွှတ်ခုန်ဆင်းသက်ပြီး နိုင်ငံတော်အကြီးအကဲအား ဂါရဝပြုခဲ့ကြသည့် လေထီးခုန်အရာရှိစစ်သည်၊

စာမျက်နှာ ၁၃ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးဌာန ဂုဏ်ပြုယာဉ်ပထမဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီးတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား အမှတ်တရပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

❍ စာမျက်နှာ ၁၂ မှ

စစ်သမီးနှင့်အခြားအဆင့် လေထီးစစ်သည်၊ စစ်သမီးများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဂုဏ်ပြုယာဉ် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအတွက် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဌာန ဂုဏ်ပြုယာဉ် ပထမဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအတွက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီကို လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။ ညစာမသုံးဆောင်မီနှင့် သုံးဆောင် နေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ် ဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ စာတန်း၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း တံဆိပ်၊ တို့ဗမာ အစည်းအရုံးတံဆိပ်၊ BIA တံဆိပ်၊ BDA တံဆိပ်၊ လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား သရုပ်ဖော်ပုံ၊ လွတ်လပ်ရေး ကျောက်တိုင်ပုံ၊ တပ်မတော်မှ ယာဉ်ယန္တရားများ၊ ရေငုပ်သင်္ဘောနှင့် လေယာဉ်ပုံ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပုံ၊ မြန်မာနိုင်ငံမြေပုံတို့ကို Drone ယာဉ်ငယ်များဖြင့် သရုပ်ပြ လွှတ်တင်မှုနှင့် မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းကို ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ဂုဏ်ပြု ညစာစားပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ပဒေသာကပွဲ ကျင်းပမည့်နေရာသို့ ရောက်ရှိကြပြီး ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တေးသံရှင်များနှင့် အနုပညာရှင်များ၊ နိုင်ငံကျော် တေးသံရှင်များနှင့် အနုပညာရှင်များ၏ တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ပဒေသာကပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တေးသံရှင်များနှင့် အနုပညာရှင်များ၊

စာမျက်နှာ ၁၄ သို့ ❂




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုး မဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂုဏ်ပြုယာဉ် ပထမဆုရရှိသည့် ဧရာဝတီ တိုင်းဒေသကြီး အတွက် ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့အဖွဲ့ဝင်များနှင့်အတူ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

✪ စာမျက်နှာ ၁၃ မှ

နိုင်ငံကျော် တေးသံရှင်များနှင့် အနုပညာရှင်များကို အမှတ်တရ ပန်းခြင်းများ ပေးအပ်ပြီး ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

**တက်ရောက်**

အဆိုပါ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ဒုတိယသမ္မတ(ငြိမ်း) သရေစည်သူ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ဒုတိယသမ္မတ(ငြိမ်း) သရေစည်သူ ဦးညဏ်ထွန်းနှင့်ဇနီး၊ ခေတ်အဆက်ဆက် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံတော်အကြီးအကဲများ၏ မိသားစုဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ တပ်မတော်မှ အငြိမ်းစား ဗိုလ်ချုပ်ကြီးနှင့် ဒုတိယဗိုလ်ချုပ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝင်များ၊ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများ၊ NCA စာချုပ် လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် NCA စာချုပ် လက်မှတ်ရေးထိုး ထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ အနုပညာရှင်များ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဂုဏ်ပြုယာဉ် ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအတွက် ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဂုဏ်ပြုယာဉ်အထူးဆုရရှိသည့် ဂုဏ်ပြုယာဉ်အတွက် ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေ ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဂုဏ်ပြုယာဉ် ဂုဏ်ပြုဆုရရှိသည့် ဂုဏ်ပြုယာဉ်အတွက် ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေ ပေးအပ်စဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဖြည့်စွက်ဖတ်ရှုပါရန် ပန်ကြားခြင်း

၄-၁-၂၀၂၃ နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၅) ပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၃ ဖြင့် "ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း" သည့် အမိန့်ကြော်ငြာစာတွင် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များဖြစ်သည့် **"သီရိပျံချီဘွဲ့"** ရရှိသောပုဂ္ဂိုလ်များမှာ ၁။ Mr. Sun Guoxiang, Special Envoy for Asian Affairs, Ministry of Foreign Affairs, The People's Republic of China နှင့် ၂။ ဦးမထုနော်၊ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကောင်းခါး ပြည်သူ့စစ်(ဌာနေ) အဖွဲ့တို့ဖြစ်ကြပြီး ၎င်းသီရိပျံချီဘွဲ့ရရှိသောပုဂ္ဂိုလ်များ၏အောက်တွင်ဖော်ပြထားသည့် **အမှတ်စဉ် ၁။ ဦးအောင်ကြီး၊ သံအမတ်ကြီး (ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမှတ်စဉ် ၄၄။ မီးပုံးပျံ ဦးကျော်ရင်၊ ထင်ပေါ်ကျော်ကြားသူအထိ** ပုဂ္ဂိုလ်များမှာ **"ဝဏ္ဏကျော်ထင်ဘွဲ့"** ရရှိသောပုဂ္ဂိုလ်များဖြစ်ပါကြောင်း ဖြည့်စွက်ဖတ်ရှုပါရန် ကြေးမုံစာဖတ်ပရိသတ်များအား အနူးအညွတ်တောင်းပန်အပ်ပါသည်။

**စာတည်းအဖွဲ့**

❖ ကျောဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းရင်းသား ရိုးရာအကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်နှင့် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ထံ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များက "ပြည့်ရတနာ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တိုင်းရင်းသားရိုးရာ ယိမ်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ခင်းကျင်းပြသထားသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများနှင့် တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများအား လိုက်လံကြည့်ရှုအားပေးကြသည်။

### ပြသသွားမည်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ ရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များပြသပွဲကို ဇန်နဝါရီ ၄ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပွဲတော်၌ ဝန်ကြီးဌာနပြခန်း ၂၅ ခန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြခန်း ၁၅ ခန်း၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်း ၁၅ ခန်း စုစုပေါင်းပြခန်း ၅၅ ခန်းနှင့် ဝန်ကြီးဌာနများအလိုက် ကိုယ်စားပြု ဂုဏ်ပြုယာဉ် ၂၆ စီး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ကိုယ်စားပြုဂုဏ်ပြုယာဉ် ၁၅ စီး၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုယာဉ်တစ်စီး၊ ပြည်ထောင်စု နောက်ပိတ်ဂုဏ်ပြုယာဉ်တစ်စီးနှင့် တပ်မတော်ကိုယ်စားပြုဂုဏ်ပြုယာဉ်ငါးစီး စုစုပေါင်းဂုဏ်ပြုယာဉ် ၄၈ စီးတို့အား ပြသသွားမည်ဖြစ်ပြီး ပြည်သူများအားလုံး အခမဲ့လာရောက်လည်ပတ်လေ့လာနိုင်ပါကြောင်းနှင့် လုံခြုံရေးတင်းကျပ်မှုအရ မြို့ဝင်/ထွက် နေရာများ၊ ပြခန်းဝင်/ထွက်နေရာများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စနစ်တကျ စစ်ဆေးရှာဖွေမှုများကို ကြည်ဖြူစွာ နားလည်လက်ခံပေးနိုင်ရေးကိုပါ သက်ဆိုင်ရာမှ မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်နှင့် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်တို့ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပညာရေးဝန်ကြီးဌာနပြခန်းတွင် ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင် ပေးအပ်စဉ်။

# (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ သဝဏ်လွှာများပေးပို့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်အာခါမိုဟာ ဆီနာပါတိုင်းတဲ့ချို ဟွန်ဆင် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာ ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံလျက် လွန်ခဲ့သည့်နှစ်များအတွင်း နီးကပ်သော နှစ်နိုင်ငံဆက်ဆံရေး ထူထောင်ထားရှိနိုင်ခဲ့သည်ကို ဝမ်းမြောက်ဖွယ် မှတ်သားရပါသည်။ မိမိတို့ နှစ်နိုင်ငံနှင့် အာဆီယံအသိုက်အဝန်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားရန် မိမိအနေဖြင့် အဆွေတော်နှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းပြောကြားလျက် အဆွေတော် ကျန်းမာပါစေကြောင်းနှင့် မြန်မာပြည်သူများ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိပြီး ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရိုမန် ဂိုလော့ဗ်ချန်ကို ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဘယ်လာရုစ် သမ္မတနိုင်ငံ အစိုးရအဖွဲ့ကိုယ်စားနှင့် မိမိမှ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

လက်ရှိ ခက်ခဲသည့်အခြေအနေများတွင် မိမိတို့နှစ်နိုင်ငံအနေဖြင့် မြင့်မားသည့် အပြန်အလှန်ယုံကြည်မှုကို ထိန်းသိမ်းပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန် ဆက်လက်ပူးတွဲဆောင်ရွက်သွားမည့်အပေါ် ဝမ်းမြောက်မိပါသည်။

ဘယ်လာရုစ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ဆက်ဆံရေးသည် နီးကပ်သည့် အနာဂတ်ကာလတွင် စီးပွားရေး၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ပညာရေး စသည့်နယ်ပယ်စုံ၌ သိသာထင်ရှားသည့်တိုးတက်မှုများ ရရှိနိုင်မည်ဟု ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် မြန်မာပြည်သူများ သာယာဝပြောပြီး တည်ငြိမ်အေးချမ်းပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် မိမိအနေဖြင့် အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပရက်ဆုတ်ခ်ခွန်း ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်စကားနှင့် ဆုမွန်ကောင်းများ ပို့သခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါသည်။

ဒေသတွင်းနှင့် နိုင်ငံတကာ၌ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန်တို့အတွက် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် အာဆီယံမူဘောင်အောက်မှ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရန်အတွက် အဆွေတော်နှင့် နီးကပ်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂေး အယ်လယဲနိခ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အမျိုးသားရုံးပိတ်ရက် အခါသမယတွင် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေသည့် နယ်ပယ်များတွင် ဘယ်လာရုစ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းရေးအတွက် သိသာထင်ရှားသည့် အလားအလာများကို မှတ်သားမိပါသည်။

မိမိတို့နှစ်နိုင်ငံအကြား သံတမန်ရေးရာနှင့် ကုန်သွယ်-စီးပွားရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုများကို အရှိန်မြှင့်တင်ရေး စနစ်တကျလုပ်ဆောင်မှုများသည် စီးပွားရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ပူးတွဲလုပ်ငန်းစဉ်များ သတ်မှတ်ရန်နှင့် လက်တွေ့အကောင်အထည်ဖော်ရန်တို့ကို ဦးတည်ဖြစ်ပေါ်စေမည်ဟု မျှော်လင့်ပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော် ကျန်းမာပြီး လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။



## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဗိုလ်ရှုခံရင်ပြင်၌ ကျင်းပသည်။

နံနက် ၄ နာရီ မိနစ် ၂၀ တွင် အလံတင်တပ်စုက နိုင်ငံတော်စစ်တီးဝိုင်းနှင့်အတူ တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံ၍ နိုင်ငံတော်အလံကို လွှင့်တင်ပြီး အလေးပြုကြသည်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို (၁) စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ (၂) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး၊ (၃) နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး၊ (၄) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊ (၅) လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေး အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပ

**ရမည်းသင်း ဇန်နဝါရီ ၄**

ရမည်းသင်းခရိုင် ရမည်းသင်းမြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ကွင်း၌ ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ တွင် အလံတင်အခမ်းအနားကျင်းပပြီး နံနက် ၇ နာရီတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ပေးပို့သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းက ဖတ်ကြားသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ/မြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

၁၄၄



## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဇန်နဝါရီ ၄**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၆၁၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၄-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၆၁၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၃၃,၅၄၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၆၉၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၃၂၈) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၃-၁-၂၀၂၂) ရက်နေ့အထိ အသက်(၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၅၃,၉၀၅) ဦးနှင့် အသက်(၁၈)နှစ်အောက် လူဦးရေ စုစုပေါင်း (၆,၈၀၀,၅၁၄) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၃-၁-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၅၃,၉၀၅ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၀၀,၅၁၄ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၅၀)ရက်ဆက်တိုက် (၁)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal)နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**




# MRTV သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ်ဆန်းသစ်မှုအဖြစ် MRTV သံစုံတီးဝိုင်း ဖျော်ဖြေပွဲကို ဇန်နဝါရီ ၆ ရက် သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

MRTV သံစုံတီးဝိုင်းအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် အိန္ဒြာမိုး၊ ရွှေဖြူ၊ သဒ္ဒါဖြူ၊ နန်းစန္ဒီ၊ မေထူးကျော်၊ စောဒယ်နီရယ်၊ မြနန္ဒာနှင့် ဖူးကေရီဆောင်းတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ထိုသို့တင်ဆက်မှုကို ဇန်နဝါရီ ၈ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၄**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

# "နိပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ်"မှ "သောတ္ထိသေန သမ္ဘူလ" ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၄**

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၂ ရက်မှစတင်၍ အပတ်စဉ်စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ "သောတ္ထိသေန သမ္ဘူလ" ဇာတ်တော်ကို သဘင်ပညာရှင် ပတ္တမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွှာစားဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှု ဇံဟိန်း၊ နန်းခင်မွှေး၊ ချမ်းချမ်းမိုး၊ ဦးဝါဝင်း၊ ဦးစံငွေတို့နှင့်အတူ သဘင်ပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဇန်နဝါရီ ၇ ရက် စနေနေ့ ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး ဇန်နဝါရီ ၁၁ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်




**နေပြည်တော် ဇန်နဝါရီ ၄**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲအသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၉၉)ကို ဇန်နဝါရီ ၆ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေသူရနှင့် သိမ့်သိမ့်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇန်နဝါရီ ၆၊ ၇ နှင့် ၈ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ မြို့နယ်အသီးသီး၌ ကျင်းပ



**မော်လမြိုင်**

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့ အလံတင် အလေးပြုခြင်း၊ သဝဏ်လွှာဖတ်ကြားခြင်း၊ ပြည်နယ်ဂုဏ်ဆောင်ဆု ချီးမြှင့်ခြင်း အခမ်းအနားကို မောရဝတီပန်းခြံ၌ ကျင်းပသည်။

ရှေးဦးစွာ (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နံနက် ၄ နာရီ မိနစ် ၂၀ တွင် ဆောင်ရွက်ပြီး နံနက် ၇ နာရီတွင်(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားခြင်းကိုကျင်းပရာ ခေတ္တပြည်နယ်ဝန်ကြီးချုပ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

**ခရိုင်(ပြန်/ဆက်)**

**သာစည်**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက နံနက် ၄ နာရီ မိနစ် ၂၀ တွင် နိုင်ငံတော်အလံကို လွှင့်တင်အလေးပြုကြသည်။ ဆက်လက်ပြီး နံနက် ၇ နာရီတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က ဖတ်ကြားသည်။ ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျင်းပသော အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ၊ အမျိုးသားဘော်လီဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတို့၌ ဆုရရှိသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်း၊ ဆုဖလားနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**မြို့နယ်(ပြန်/ဆက်)**

**ဝမ်းတွင်း**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းတွင် ကျင်းပသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ နံနက် ၄ နာရီ မိနစ် ၂၀ တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုခြင်းအခမ်းအနားကို ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် အဖွဲ့ဝင်(၁) ဗိုလ်မှူးသက်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးရဲမြင့်သိန်းက ဖတ်ကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

**မင်းတပ်**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်နှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို မင်းတပ်မြို့ လွတ်လပ်ရေးကျောက်တိုင်ရှေ့တွင် ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှဦးဆောင်၍ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ လွှင့်တင်ခြင်းကို ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် နံနက် ၇ နာရီတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထံမှပေးပို့သော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်း က ဖတ်ကြားသည်။ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မိ မြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**ဝေဖြိုး(ဇလပ်မြေ)**

**ဖျာပုံ**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်ခြင်း၊ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ဖျာပုံမြို့ လွတ်လပ်ရေးကျောက်တိုင်ဝင်း၌ ကျင်းပသည်။

မြို့နယ်ရဲတပ်ဖွဲ့မှ နံနက် ၄ နာရီ မိနစ် ၂၀ တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နိုင်ငံတော်အလံလွှင့်တင်ခြင်းနှင့် အလေးပြုခြင်းတို့ ဆောင်ရွက်ကြသည်။ ထို့နောက် နံနက် ၇ နာရီတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းက ဖတ်ကြားသည်။

**သပြေထွန်း**



**အင်းစိန်**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ တွင် အင်းစိန်မြို့နယ် စုပေါင်းရုံးဝင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှ ဂုဏ်ပြုတပ်ဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား လွှင့်တင်ပြီးအလေးပြုကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်က ဖတ်ကြားသည်။ ဆက်လက်ပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ မြို့နယ်အဆင့် ပထမ၊ ဒုတိယ၊ တတိယဆုများရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြတ်မူယာအုန်းတို့က ဆုများချီးမြှင့်ခဲ့ကြသည်။ အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး**



**ဟားခါး**

(၇၅)နှစ် မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ယနေ့နံနက် ၄ နာရီ မိနစ်၂၀ က ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အလံအား အလံတိုင်ထိပ်သို့ လွှင့်တင်ပြီး ခေတ္တပြည်နယ်ဝန်ကြီးချုပ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးနေစိုး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှပေးပို့သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့သဝဏ်လွှာကို ခေတ္တပြည်နယ်ဝန်ကြီးချုပ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်က ဖတ်ကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**မူဆယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ က လေယာဉ်ကွင်းပြင်လွတ်လပ်ရေးကွင်း၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်အလံတင်ခြင်း၊ သဝဏ်လွှာဖတ်ကြားခြင်း၊ ပျော်ပွဲရွှင်ပွဲအားကစားနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။

မူဆယ်မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံကိုလွှင့်ထူပြီး တက်ရောက်လာကြသူများနှင့်အတူ နံနက် ၄ နာရီ မိနစ် ၂၀ တွင် နိုင်ငံတော်အလံအား အလေးပြုခဲ့ကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားသည်။ ဆက်လက်ပြီး ဘင်ခရာတီးမှုတ်အဖွဲ့များကို ဆုငွေကျပ်ငါးသိန်း၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိသော အထက(၁)၊ (၂)၊ (၃)မှ ကျောင်းသား ကျောင်းသူများ၊ ဂေါက်ရိုက်ပြိုင်ပွဲတွင်ဆုရရှိသည့် အမျိုးသား အမျိုးသမီးများ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဆုရရှိကြသူများကို မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။

ထို့ပြင် မီတာ ၅၀၊ ၁၀၀၊ ၂၀၀ အပြေးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**



# လွတ်လပ်ရေးနေ့အခါသမယတွင် အင်းစိန်အကျဉ်းထောင်မှ နိုင်ငံခြားသားများအပါအဝင် အကျဉ်းသား အကျဉ်းသူ ၁၄၀၀ ကို ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပြု




ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်မြို့အင်းစိန်ထောင်ရှိ နိုင်ငံခြားသားများ အပါအဝင် အကျဉ်းသား အကျဉ်းသူ ၁၄၀၀ ကို ယနေ့မွန်းလွဲပိုင်းတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း သိရသည်။

အင်းစိန်အကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသော အကျဉ်းသား အကျဉ်းသူ ၁၄၀၀ ကို Stadium ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်နှင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်မျိုးမင်းထိုက်တို့က ဆုံးမသြဝါဒစကားများ ပြောကြားကြသည်။

နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းရှိအကျဉ်းသား အကျဉ်းသူ ၇၀၁၂ ဦးကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့ရာ၌ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကိုရှေးရှု၍ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် နိုင်ငံခြားသား ၁၃ ဦး၊ နိုင်ငံခြားသူ တစ်ဦးအပါအဝင် နိုင်ငံသားအမျိုးသား ၁၀၂၇ ဦး၊ အမျိုးသမီး ၁၂၂ ဦး၊ ဘင်္ဂါလီအမျိုးသား ၁၂၉ ဦး၊ အမျိုးသမီး ၁၀၈ ဦးဖြင့် စုစုပေါင်း ၁၄၀၀ တို့ကို အင်းစိန်အကျဉ်းထောင်မှ ယနေ့တွင် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာရေးကို ရည်မှန်း၍ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်များပေးခဲ့ရာ အင်းစိန်အကျဉ်းထောင်မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် အကျဉ်းသား အကျဉ်းသူ ၁၀၇၉ ဦးကိုလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၅၀၅-က အပါအဝင် အချုပ်သား အချုပ်သူ ၆၂၁ ဦးကိုလည်းကောင်း၊ တတိယအကြိမ်အဖြစ် ၅၀၅-က အပါအဝင် အချုပ်သား အချုပ်သူ ၃၂၂ ဦးကိုလည်းကောင်း၊ စတုတ္ထအကြိမ်အဖြစ် ၅၀၅-က အပါအဝင် အချုပ်သား အချုပ်သူ ၆၆၈ ဦးကိုလည်းကောင်း၊ ပဉ္စမအကြိမ်အဖြစ် အကျဉ်းသား အကျဉ်းသူ ၈၄၄ ဦးကိုလည်းကောင်း၊ ဆဋ္ဌမအကြိမ်အဖြစ် အချုပ်သားအချုပ်သူ၁၄၇၇ ဦးကိုလည်းကောင်း၊ သတ္တမအကြိမ်အဖြစ် အချုပ်သား အချုပ်သူ ၁၁၆၇ ဦးကိုလည်းကောင်း၊ အဋ္ဌမအကြိမ်မြောက်အဖြစ် အကျဉ်းသား အကျဉ်းသူ ၉၀ ကိုလည်းကောင်း၊ နဝမအကြိမ်အဖြစ် အကျဉ်းသား အကျဉ်းသူ ၁၆၀ ကိုလည်းကောင်း၊ ဒသမအကြိမ်အဖြစ် နိုင်ငံခြားသားများနှင့် နိုင်ငံသားအကျဉ်းသား အကျဉ်းသူ ၉၈၅ ဦးကိုလည်းကောင်း ယနေ့တွင် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုသော ဧကဒသမအကြိမ် အဖြစ် နိုင်ငံခြားသားများ အပါအဝင် အကျဉ်းသား အကျဉ်းသူ ၁၄၀၀ စုစုပေါင်း ၈၈၁၃ ဦးကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် ၁/၂၀၂၃ နှင့် ၂/၂၀၂၃ တို့ဖြင့် ထုတ်ပြန်သည့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ လွတ်ငြိမ်းခွင့်ရရှိသော အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား ၁၀၂၇ ဦး၊ အကျဉ်းသူ ၁၂၂ ဦးတွင် ၅၀၅-ကနှင့် အခြားသောအမှုများမှ အကျဉ်းသား ၇၅ ဦးနှင့် အကျဉ်းသူ ကိုးဦးပါဝင်ပြီး နိုင်ငံခြားသား ၁၃ ဦး၊ နိုင်ငံခြားသူ တစ်ဦး၊ ဘင်္ဂါလီအမျိုးသား ၁၂၉ ဦးနှင့် အမျိုးသမီး ၁၀၈ ဦးတို့ဖြင့် စုစုပေါင်း ၁၄၀၀ တို့ကို မွန်းလွဲပိုင်းမှစ၍ ရန်ကုန်မြို့ရှိ ခရိုင်လေးခုသို့ YBS ယာဉ်များဖြင့် ပို့ဆောင်ခဲ့ရာ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများ၊ ကြိုဆိုသူများဖြင့် အထူးပျော်ရွှင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ် (ဓာတ်ပုံ - ကနုး)



# ရခိုင်ပြည်နယ်အတွင်း အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား အကျဉ်းသူ ၃၁၇ ဦး ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ရရှိ

စစ်တွေ ဇန်နဝါရီ ၄

ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား အကျဉ်းသူ ၃၁၇ ဦး လွတ်မြောက်ကြောင်း သိရသည်။

ထို့သို့ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးရာတွင် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား ၅၃ ဦး၊ အကျဉ်းသူ လေးဦး၊ ကျောက်ဖြူအကျဉ်းထောင်မှ အကျဉ်းသား ၂၀၊ အကျဉ်းသူ လေးဦး၊ ဘူးသီးတောင် အကျဉ်းထောင်မှ အကျဉ်းသား ၃၀ နှင့် သံတွဲအကျဉ်းထောင်မှ အကျဉ်းသား ၁၄၅ ဦး၊ အကျဉ်းသူ ၆၁ ဦး စုစုပေါင်း အကျဉ်းသား အကျဉ်းသူ ၃၁၇ ဦး လွတ်မြောက်ကြောင်းနှင့် လွတ်မြောက်လာသူများကို ၎င်းတို့ မိသားစုဝင်များ၊ သူငယ်ချင်း မိတ်ဆွေများက ရင်းနှီးပျော်ရွှင်စွာ ကြိုဆိုကြကြောင်းသိရသည်။

တင်ထွန်း(ပြန်/ဆက်)

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အချုပ်ထောင်၊ ကုန်ထုတ်စခန်းနှင့် ဘက်စုံစိုက်/မွေးစခန်းမှ အကျဉ်းသား အကျဉ်းသူ ၉၅ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု



နေပြည်တော် ဇန်နဝါရီ ၄

နေပြည်တော်အချုပ်ထောင်မှ အကျဉ်းသား ၂၆ ဦး၊ ကင်းသာ(၁) ကုန်ထုတ်စခန်းမှ အကျဉ်းသား ၁၅ ဦး၊ ဘက်စုံစိုက်/မွေးစခန်း (နေပြည်တော်) ကင်းသာ (၁) အင်အားမှ အကျဉ်းသား ၃၀ ၊ ကင်းသာ (၂) ကုန်ထုတ်စခန်း(တပ်ကုန်း) မှ အကျဉ်းသား ၂၄ ဦး စုစုပေါင်း ၉၅ ဦးလွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

ပြောကြား

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အချုပ်ထောင်ခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အုပ်ချုပ်မှုဌာန ကွပ်ကဲမှုအောက်ရှိ နေပြည်တော် အချုပ်ထောင်မှ အကျဉ်းသား ၂၆ ဦးနှင့် ဘက်စုံစိုက်/မွေးစခန်း (နေပြည်တော်) ကင်းသာ(၁) အင်အားမှ အကျဉ်းသား ၃၀ တို့ကို ဇမ္ဗူသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်း၊ ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဦးအောင်မျိုးဇော်လွင်၊ အချုပ်ထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်မောင်တို့က ဆုံးမသြဝါဒစကား ပြောကြားကြသည်။

ထို့နောက် အကျဉ်းသား အကျဉ်းသူများအား အချုပ်ထောင် တာဝန်ရှိသူများက ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများဖြစ်သည့် အပူချိန်တိုင်းခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ထောင်လွတ် လက်မှတ်များ၊ လွတ်လူခရီးစရိတ်၊ စားစရိတ်များနှင့် လုပ်အားရှင်ခံစားခွင့်များပေးအပ်ခြင်း၊ ကတိခံဝန်ချက်များ လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ပြီး အကျဉ်းသားများကို ဌာနပိုင်မော်တော်ယာဉ်များဖြင့် နေပြည်တော် မြို့မဈေးကားဂိတ်သို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တောင်ကြီးမြို့ရှိ (၂)မိုင် အချုပ်ထောင်မှ အကျဉ်းသား ခြောက်ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေး

တောင်ကြီး ဇန်နဝါရီ ၄

တောင်ကြီးမြို့ ကံကြီးရပ်ကွက် တောင်ကြီး-ဟိုပုံးသွားပြည်ထောင်စုလမ်းရှိ တောင်ကြီး အချုပ်ထောင် (၂မိုင်ထောင်)မှ အကျဉ်းသားခြောက်ဦးကို ယနေ့နံနက်က လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

လွှဲအပ်ပေးခဲ့

ဦးစွာ ဒုတိယရဲမှူး အောင်မိုးနိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အမှတ် ၁/၂၀၂၃ ကို ဖတ်ကြားပြီး တက်ရောက်လာသော ဌာနဆိုင်ရာ တာဝန်ရှိသူများက လွတ်မြောက်အကျဉ်းသားများကို ဆုံးမသြဝါဒစကားများပြောကြားကာ နှာခေါင်းစည်း၊ ခရီးစားရိတ်၊ စားစရိတ်၊ ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံချက်နှင့် ထောင်လွတ်လက်မှတ်များပေးအပ်၍ ကတိဝန်ခံလက်မှတ်များ ရေးထိုးစေခဲ့၍ သက်ဆိုင်ရာအပိုင်ရဲစခန်းများသို့ လွှဲအပ်ပေးခဲ့ကြောင်း သိရသည်။

အလားတူ တောင်လေးလုံး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းမှ အကျဉ်းသားခြောက်ဦး၊ ညောင်ရွှေအကျဉ်းထောင်မှ ကျား ၁၇၁ ဦး၊ မ ၂၄ ဦး စုစုပေါင်း ၁၉၅ ဦး၊ ထီးခန်းစခန်းမှ ကျား ၁၁ ဦး၊ ဘန်းကန်စခန်းမှ ကျား ၁၆ ဦးတို့ကို ၎င်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း (တောင်ကြီး)



## မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၆၇၆ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**မန္တလေး ဇန်နဝါရီ ၄**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၆၇၆ ဦးကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေး ဗဟိုအကျဉ်းထောင်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်စိန်လွင်နှင့် အကျဉ်းဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးချိုဝင်းထွန်းတို့ တက်ရောက်ကြပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသားများကို ဆုံးမသြဝါဒစကားများ ပြောကြားကြသည်။

ထို့နောက် အကျဉ်းသား အကျဉ်းသူများကို အကျဉ်းထောင် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများဖြစ်သည့် အပူချိန်တိုင်းခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းကို စနစ်တကျဆောင်ရွက်ပေးကာ ခရီးစရိတ်ငွေများပေးအပ်၍ အကျဉ်းထောင်မှ လွှတ်ပေးခဲ့ကြသည်။

ထိုသို့ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ(၄၀၁)၊ ပုဒ်မခွဲ (၁) အရ နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ၎င်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့တွင် မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၅၉၁ ဦးနှင့် အကျဉ်းသူ ၈၅ ဦး စုစုပေါင်း ၆၇၆ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်ငါးခုနှင့် ကုန်ထုတ်စခန်း ခုနစ်ခုတို့မှ အကျဉ်းသား အကျဉ်းသူ ၁၃၈၅ ဦး လွှတ်မြောက်ကြောင်း သိရသည်။

**မောင်အေးချမ်း**




## ရွှေဘိုမြို့ အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူ ၁၆၀ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

**ရွှေဘို ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူများမှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၁၆၀ ကို လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

လွတ်ငြိမ်းခွင့်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ အကျဉ်းထောင် အစည်းအဝေးခန်းမ၌ ပြုလုပ်ပြီး အခမ်းအနားသို့ ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမျိုးဦး၊ ရွှေဘိုတပ်နယ်မှူး ဗိုလ်မှူးကြီးအောင်အောင်၊ ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး စွမ်းဇာနည်၊ ရွှေဘိုအကျဉ်းထောင်တာဝန်ခံအရာရှိလက်ထောက်ညွှန်ကြားရေးမှူးဦးအောင်ကြည်လှိုင်နှင့် ခရိုင်မီးသတ်တာဝန်ခံအရာရှိ ဦးအေးမြင့်၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးနှင့် တာဝန်ရှိသူများက လွတ်ငြိမ်းခွင့်ရရှိသူများကို ဆုံးမသြဝါဒစကားပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူများက လွတ်ငြိမ်းခွင့် လက်မှတ်များနှင့် ခရီးစရိတ်ငွေ၊ ထောက်ပံ့ငွေများ၊ အသိပညာပေးလက်ကမ်းစာစောင်များကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ကရင်ပြည်နယ်အတွင်းရှိ အကျဉ်းသား အကျဉ်းသူ ၁၇၀ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ဘားအံ ဇန်နဝါရီ ၄**

အကျဉ်းဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းသား အကျဉ်းသူ ၁၇၀ ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ရရှိခဲ့သည်။

ဘားအံအကျဉ်းထောင်မှ အကျဉ်းသား ၁၁၄ ဦး၊ အကျဉ်းသူ ၁၆ ဦး၊ လက္ခဏစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးအတတ်သင်စခန်းမှ အကျဉ်းသား၂၃ ဦး၊ မာလာဖူး ကုန်ထုတ်စခန်းမှ အကျဉ်းသား ၁၇ ဦး စုစုပေါင်း ၁၇၀ ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ရရှိခဲ့သည်။

အဆိုပါ လွတ်မြောက်အကျဉ်းသား အကျဉ်းသူများအား အကျဉ်းဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးငွေ၊ ဘားအံအကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ငွေနှင့် တာဝန်ရှိသူများက ဆုံးမသြဝါဒစကားများ ပြောကြားပြီး လွတ်ငြိမ်းခွင့်လက်မှတ်နှင့် ခရီးစရိတ်၊ စားစရိတ်များ ပေးအပ်၍ ကတိခံဝန်ချက်လက်မှတ်ရေးထိုးစေကာ ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်တွင်လွှတ်ပေးခဲ့ရာ ၎င်းတို့၏ ဆွေမျိုး၊ မိဘ၊ ညီအစ်ကိုမောင်နှမများက ဝမ်းမြောက်ဝမ်းသာ လာရောက်ကြိုဆိုကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## မအူပင်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**မအူပင် ဇန်နဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူ ၁၂၃ ဦးအား ယနေ့မွန်းလွဲ ၁ နာရီက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသဖြင့် ပြန်လည်စေလွှတ်မှု အခမ်းအနားကို မအူပင်အကျဉ်းထောင်ရုံးခန်းမ၌ ကျင်းပသည်။



အဆိုပါအခမ်းအနားတွင် မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးလွင်၊ မအူပင်ခရိုင်အကျဉ်းထောင်မှူး ဦးမျိုးကျော်သူတို့က အကျဉ်းသား အကျဉ်းသူများအား ဆုံးမစကားပြောကြားပြီး လမ်းစရိတ်နှင့် လုပ်အားခများအား ထောက်ပံ့ပေးအပ်ကြသည်။

မအူပင်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံရသူများအနက်မှ ပုဒ်မ (၅၀၅)နှင့် အခြားတွဲကျ အကျဉ်းသားငါးဦး၊ အကျဉ်းသူ ငါးဦး စုစုပေါင်း ၁၀ ဦးနှင့် ရိုးရိုးအကျဉ်းသား ၁၀၃ ဦး၊ အကျဉ်းသူ ၁၀ ဦး စုစုပေါင်း ၁၁၃ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ ဆက်)**

## ကျိုင်းတုံအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၆၀ အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ကျိုင်းတုံ ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၆၀ အား ဇန်နဝါရီ ၄ ရက်က လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုခဲ့သည့် အကျဉ်းသား အကျဉ်းသူများအား ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ကျော်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်နှင့် တာဝန်ရှိသူများက ဆုံးမသြဝါဒစကားများပြောကြားပြီး လွတ်ငြိမ်းခွင့်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယနေ့ကျိုင်းတုံအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် နိုင်ငံခြားသား အကျဉ်းသား ၁၀ ဦး၊ အကျဉ်းသူ နှစ်ဦးနှင့် နိုင်ငံသား အကျဉ်းသား ၄၃ ဦး၊ အကျဉ်းသူ ငါးဦး စုစုပေါင်း ၆၀ လွှတ်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

**✻ (၇၅)နှစ်မြောက်မှ**

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် အကျဉ်းသား အကျဉ်းသူများကို ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များချမှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့် အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် အခြားရသင့်သည့် လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်ပေးထားသည့်အတွက် ယခုပြန်လည်လွတ်မြောက်လာသည့်အချိန်တွင် ကျန်းမာပျော်ရွှင်လျက်ရှိပြီး လာရောက်ကြိုဆိုသည့် မိဘဆွေမျိုးများကလည်း ဝမ်းပန်းတသာဖြင့် ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၄**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ နှောင့်ယှက်ပိတ်ဆို့ထားသည့် ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးတစ်လျှောက်ကို တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်၊ မော်တော်ယာဉ်များ ပုံမှန်သွားလာလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၄

KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ နှောင့်ယှက်ပိတ်ဆို့ထားသည့် ကော့ကရိတ် - မြဝတီ အာရှလမ်းမကြီး တစ်လျှောက်ကို တပ်မတော်စစ်ကြောင်းများက ယနေ့တွင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သဖြင့် အဆိုပါ လမ်းမကြီးတစ်လျှောက်တွင် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ NUG၊ CRPH အဖွဲ့တို့၏ စေခိုင်းချက်အရ KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့နွဲ့ကျေးရွာနှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများအတွင်း ခိုအောင်းနေထိုင်၍ အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိပြီး ကော့ကရိတ်- မြဝတီသွား အာရှလမ်းမကြီးပေါ်၌ သွားလာလျက်ရှိသော မော်တော်ယာဉ်များကို အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီး၍ အဆိုပါလမ်းကြောင်းအား နှောင့်ယှက်ပိတ်ဆို့ခဲ့သဖြင့် ဒေသခံပြည်သူများအနေဖြင့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး မော်တော်ယာဉ် ဖြတ်သန်းသွားလာမှုများ ခေတ္တရပ်ဆိုင်းခဲ့ကာ ကုန်စည်စီးဆင်းမှု ရပ်တန့်သွားခဲ့သည်။



ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးတစ်လျှောက် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲလျက်ရှိစဉ်။



KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်- မြဝတီ အာရှလမ်းမကြီးကို နှောင့်ယှက်ပိတ်ဆို့ထားစဉ်။

ထိုသို့ KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ နှောင့်ယှက်ပိတ်ဆို့ထားသည့် အဆိုပါဒေသတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက အဆင့်ဆင့် ပြန်လည်ထိန်းချုပ်တိုက်ခိုက်ခဲ့ပြီး ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးတစ်လျှောက် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားလာနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၃ ရက်နှင့် ယနေ့တို့တွင်လည်း KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် တတန်ကူးကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာတွင် ၁၂ ဘီးယာဉ်တစ်စီးနှင့် ယာဉ်ငယ်တစ်စီးတို့ဖြင့်လည်းကောင်း၊ ယင်းကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၂၅၀၀ ခန့်အကွာတွင် ၁၂ ဘီးယာဉ် သုံးစီးဖြင့်လည်းကောင်း ကန့်လန့်ဖြတ်ပိတ်ဆို့၍ လမ်းကြောင်းပိတ်ဆို့မှုများ ဖြစ်ပေါ်စေရေး နှောင့်ယှက်မှုများကို ပြုလုပ်လာခဲ့သဖြင့် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး လမ်းမကြီးတစ်လျှောက်အား ပြန်လည်ထိန်းချုပ်ခဲ့သည်။

**ပုံမှန်အတိုင်းပြန်လည်သွားလာ**

ထိုကဲ့သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုကြောင့် အဆိုပါလမ်းမကြီးတစ်လျှောက်တွင် ယနေ့မွန်းလွဲပိုင်းမှစ၍ မော်တော်ယာဉ်များ ဘေးကင်းစွာဖြင့် ပုံမှန်အတိုင်း ပြန်လည်သွားလာလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# KNLA တပ်မဟာ(၆)နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့တို့က အင်အားအလုံးအရင်းဖြင့် ကြာအင်းဆိပ်ကြီးမြို့ရှိ နယ်မြေခံတပ်ဌာနချုပ်များနှင့် ဖာပွန်မြို့နယ်ရှိ လုံခြုံရေးစခန်းတို့သို့ ဝင်ရောက်တိုက်ခိုက်၊ အရာရှိ၊ စစ်သည်များ၏ စနစ်တကျ ခုခံတိုက်ခိုက်မှုကြောင့် အကျအဆုံးများစွာဖြင့် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေး

နေပြည်တော် ဇန်နဝါရီ ၄


ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ရှိ နယ်မြေခံ အခြေချစစ်ဗျူဟာနှင့် တပ်ရင်းဌာနချုပ်များသို့ KNLA တပ်မဟာ(၆)နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့တို့က ယနေ့နံနက် ၆ နာရီ မိနစ် ၂၀ ခန့်မှစ၍ လက်နက်ကြီး၊ လက်နက်ငယ်များ အသုံးပြုကာ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

KNLA တပ်မဟာ(၆)နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့တို့၏ အင်အားအလုံးအရင်းဖြင့် ကြာအင်းဆိပ်ကြီးတပ်နယ်သို့ တစ်ချိန်တည်း တစ်ပြိုင်တည်း လာရောက်တိုက်ခိုက်ခဲ့သော်လည်း ယနေ့တွင် ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်တွင် အကြမ်းဖက်အဖွဲ့များအနေဖြင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်မည်ကို ကြိုတင်သတင်းရရှိထားသဖြင့် တပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည်၊ ရဲမေများအနေဖြင့် လုံခြုံရေးအတွက် အသင့်စုဖွဲ့ထားရှိသောကြောင့် အကြမ်းဖက်အဖွဲ့များ နံနက် ၆ နာရီ ၁၀ မိနစ်မှ ၈ နာရီ မိနစ် ၅၀ အထိ တစ်ကြိမ်၊ ၁၀ နာရီ ၄၅ မိနစ်မှ ၁၁ နာရီ ၁၀ မိနစ်အထိ တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် ဝင်ရောက်တိုက်ခိုက်သော်လည်း နံနက် ၁၁ နာရီ ၁၅ မိနစ်နောက်ပိုင်းတွင် အကျအဆုံးများဖြင့် အရှေ့တောင်ဘက်သို့ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အကြမ်းဖက် ပူးပေါင်းအဖွဲ့များအနေဖြင့် တပ်ဌာနချုပ်များသို့ တိုက်ခိုက်ခဲ့သော်လည်း အရာရှိ၊ စစ်သည်၊ ရဲမေ၊ မှီခိုသူများ၏ ကြံ့ကြံ့ခံ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရေးကြီး အဓိကအဆောက်အအုံများ၊ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများနှင့် လူနေအဆောက်အအုံများအနီးသို့ ဝင်ရောက်နိုင်ခဲ့ခြင်းမရှိဘဲ တပ်ခြံစည်းရိုးကပ်လျက် လူနေထိုင်ခြင်းမရှိသော စွန့်လွှတ်အဆောက်အအုံ အချို့ကိုသာ ဖရိုဖရဲပြန်လည်ဆုတ်ခွာချိန်တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်ပူးပေါင်းအဖွဲ့များ၏ အလောင်းအချို့နှင့် လက်နက်ခဲယမ်းများကို သိမ်းဆည်းရမိခဲ့ပြီး စစ်ကူစစ်ကြောင်းများက တပ်နယ်လုံခြုံရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မဲဝိုင်တပ်မတော်ရှေ့တန်းလုံခြုံရေးစခန်းကိုလည်း ယနေ့နံနက် ၅ နာရီခွဲခန့်တွင် အကြမ်းဖက်ပူးပေါင်းအဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များအသုံးပြုကာ စခန်း၏ အရှေ့တောင်ဘက်နှင့် အရှေ့ဘက်တို့မှ အင်အား အလုံးအရင်းဖြင့် လာရောက်တိုက်ခိုက်ခဲ့သည်။




KNLA တပ်မဟာ (၆) နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့၏ ကြာအင်းဆိပ်ကြီးမြို့ရှိ နယ်မြေခံ တပ်ဌာနချုပ်များသို့ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်မှုဖြစ်စဉ်ပြပုံ။

ထိုကဲ့သို့ အင်အားအလုံးအရင်းဖြင့် လာရောက်တိုက်ခိုက်ခဲ့သော်လည်း စခန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိမှုနှင့် မဆုတ်မနစ် ခုခံတိုက်ခိုက်ခဲ့မှုကြောင့် အကြမ်းဖက် ပူးပေါင်းအဖွဲ့များသည် ၇ နာရီ ၅ မိနစ်ခန့်တွင် အကျအဆုံးများစွာဖြင့် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် မိမိဘက်မှ အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်ပူးပေါင်းအဖွဲ့များထံမှ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်ကြားနိုင်ပါသည်

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့်ပတ်သက်၍ တိုင်ကြားစာများကို လက်ခံလျက်ရှိပြီး ယင်းတိုင်ကြားစာများကို စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများသို့ ဖြေရှင်းကုစားပေးရန် တိုက်တွန်းအကြံပြုခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (ဖ) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ **ဖက်စ်-၀၁- ၆၅၄၆၇၈ နှင့် ကော်မရှင် website ဖြစ်သော www.mnhrc.org.mm** တို့မှတစ်ဆင့်ဖြစ်စေ တိုင်ကြားနိုင်ပါသည်။

၃။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများတွင် ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေး ဖောက်ဖျက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်၊ မသန်စွမ်းနှင့် အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခြင်းများ ခံစားကြုံတွေ့ရပါက ကော်မရှင်သို့ ကိုယ်တိုင်ဖြစ်စေ၊ တာဝန်သိသူတစ်ဦးဦးမှ ကိုယ်စားပြု၍ ဖြစ်စေ တိုင်တန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ တိုင်တန်းရာတွင် အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေး ဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့်သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက်လက်မှတ်ရေးထိုးရန်၊

(ဃ) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

၅။ ယခုအခါ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်များတွင် **နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ မပါရှိခြင်းများ တွေ့ရှိနေရပါသဖြင့်** တိုင်ကြားသူများအနေဖြင့် မိမိတို့၏ တိုင်တန်းချက်တွင် **နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကို မဖြစ်မနေ ပူးတွဲပေးပို့ပါရန်**လည်း အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်

## PDF **အမည်ခံ အကြမ်းဖက်အဖွဲ့က ပေါက်-ပခုက္ကူသွားကားလမ်းပေါ်ရှိ ယောချောင်း ရေပြောတံတားအား တိုက်ခိုက်ဖျက်ဆီးရန်ကြိုးပမ်း၊ အသက် ၄ နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်**

**နေပြည်တော် ဇန်နဝါရီ ၄**


မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့၏အရှေ့ဘက် မီတာ ၁၄၀၀၀ ခန့်အကွာ ပေါက်-ပခုက္ကူသွားကားလမ်း ယောချောင်း ရေပြောတံတားတွင် လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တပ်ဖွဲ့ဝင်များကို ယနေ့နံနက် ၅ နာရီ မိနစ် ၄၀ ခန့်တွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့က သာလွန်အင်အား အသုံးပြု၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် တိုက်ခိုက်လာခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်လာမှုကို လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များက စနစ်တကျဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်အဖွဲ့များသည် နံနက် ၇ နာရီ ၁၀ မိနစ်ခန့်တွင် ထိခိုက်ကျဆုံးမှုများစွာဖြင့် တောင်ဘက်သို့ ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ၎င်းတို့ဆုတ်ခွာစဉ် ဆုတ်ခွာရာလမ်းကြောင်းပေါ်ရှိ နဂါးဘွက်ကျေးရွာမှ အသက် ၄ နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ကျေးရွာသူကျေးရွာသား အမျိုးသား နှစ်ဦး၊ အမျိုးသမီး ငါးဦးတို့ကို အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အလောင်းနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် ယနေ့တွင် ကျရောက်သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်တွင် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရန် ရည်ရွယ်၍ ယောချောင်း ရေပြောတံတားအား ဖောက်ခွဲဖျက်ဆီးရန် ကြိုးပမ်းခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အသင့်ဖြစ်မှု၊ ရဲရဲဝံ့ဝံ့တုံ့ပြန်တိုက်ခိုက်မှုတို့ကြောင့် ၎င်းတို့၏ ရည်ရွယ်ချက် အောင်မြင်မှုမရှိဘဲ အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေလုံခြုံရေးအတွက် လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ယောချောင်း ရေပြောတံတားအား တိုက်ခိုက်ဖျက်ဆီးရန် ကြိုးပမ်းခဲ့မှုနှင့် အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခဲ့မှု ဖြစ်စဉ်ပြပုံ။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် လမ်းပျဉ်းမနားဟောင်းကျေးရွာနေ အောင်ကျော်တိုး(ခ) အောင်ဖြိုးသည် ၎င်းအသုံးပြုသည့် “Aung Phyo” Facebook အကောင့်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ရေဖြူကျေးရွာနေ စိန်မောင်ညွန့်သည် ၎င်းအသုံးပြုသည့် “Moe San Pan” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့ အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစော လမ်းလျှောက်ပေးပါ

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ အနော်ရထာခန်းမရှေ့ စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊စစ်သမီးများ တက်ရောက်ကြပြီး အခမ်းအနားတွင် နိုင်ငံတော်အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းတို့ကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။

ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများကို ကျင်းပပြီး အားကစားနည်းများအလိုက် ဆုရရှိသူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စခန်းမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

အလားတူ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်များအလိုက် ကျင်းပကြရာ တိုင်းစစ်ဌာနချုပ်များမှ ဒုတိယတိုင်းမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ စစ်သည်များ တက်ရောက်ကြပြီး အခမ်းအနားကို စစ်ရေးပြအစီအစဉ်အတိုင်း ကျင်းပကြသည်။

ထို့ပြင် တိုင်းစစ်ဌာနချုပ်များအလိုက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများကို ကျင်းပပြီး အားကစားပြိုင်ပွဲများအလိုက် ဆုရရှိသူများအား ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ဝမ်းတွင်းမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ



**ဝမ်းတွင်း ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်အားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဦးရဲမြင့်သိန်းက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန တာဝန်ခံက အားကစားပြိုင်ပွဲများနှင့် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းကိစ္စရပ်များကို ပြောကြားသည်။

ထို့နောက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကို ကြည့်ရှုအားပေးခဲ့ပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း၊ ထုပ်ဆီးတိုး၊ လွန်ဆွဲ၊ ခေါင်းအုံးရိုက်၊ ချောတိုင်တက်၊ အပြေး (မီတာ ၁၀၀)၊ ဆန်ကောရွက်၊ အားလူးကောက်နှင့် အိတ်စွပ်ပြေးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဦးရဲမြင့်သိန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးသက်နိုင်၊ အဖွဲ့ဝင် ဦးမြဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၅ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၅ | ၂၀၂၀ | ၂၀၄၀ | ၂၀၃၀ | ၂၀၀၅ | ၂၁၀၀ | ၂၁၁၅ | ၂၀၁၀ | ၂၀၂၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၆၀ | ၂၂၈၀ | ၂၇၆၀ |
| 95 Ron | ၂၀၄၅ | ၂၀၉၅ | ၂၀၉၀ | ၂၀၅၅ | ၂၀၉၀ | ၂၁၁၅ | ၂၁၀၀ | ၂၀၈၀ | ၂၁၇၀ | ၂၁၉၀ | ၂၀၈၅ | ၂၁၀၀ | ၂၁၃၀ | ၂၁၃၀ | ၂၁၃၀ | ၂၃၅၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၆၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၆၅ | ၂၂၇၅ | ၂၃၀၅ | ၂၃၁၀ | ၂၃၁၀ | ၂၅၃၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၅၀ | ၂၄၄၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၈၅ | ၂၃၉၀ | ၂၃၉၀ | ၂၆၁၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၅၀ | ၂၄၄၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၈၅ | ၂၃၉၀ | ၂၃၉၀ | ၂၆၁၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၇ | ၁၉၄၈ |
| 95 Ron | ၁၉၄၇ | ၂၀၂၀ |
| HSD (500 ppm) | ၂၁၂၅ | ၂၁၉၇ |
| HSD (50 ppm) | ၂၁၉၉ | ၂၂၇၂ |
| HSD (10 ppm) | ၂၁၉၉ | ၂၂၇၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် မြင်းစီးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဖလား မြင်းစီးပြိုင်ပွဲ ဗိုလ်လုပွဲများကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အဖွဲ့ချုပ်အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲပြိုင်ပွဲများတွင် မြန်မာ့ရိုးရာအသားကျပြိုင်ပွဲ၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းနှင့် အထူးတန်းဒုန်းစီး ပြိုင်ပွဲ၊ နိုင်ငံတကာတန်းခုန်ပြိုင်ပွဲများ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံမြင်းစီးအသင်းမှ လက်ရွေးစင်များ၊ မြင်းစီးကလပ်အသင်းများ၊ မြင်းချစ်မြတ်နိုးသူများ ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများအား တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ မြန်မာနိုင်ငံမြင်းစီး အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များက မြန်မာ့ရိုးရာအသားကျပြိုင်ပွဲတွင် ပထမဆုရ ဇေယျာဝင်း (ရွှေဇင်ယော်)၊ ဒုတိယဆုရ ပြုံးချို (ထိပ်ထား)၊ တတိယဆုရ အောင်ဆန်းလင်း(မြန်မာပြည်ချမ်းချမ်း)၊ ဒုန်းပြိုင်ပွဲ (အငယ်တန်း)ပြိုင်ပွဲတွင် ပထမဆုရ ဇော်မြင့်(ပတ္တမြားမေ)၊ ဒုတိယဆုရ ချစ်လား (အဓိပတိ)၊ တတိယဆုရ ကျော်ထက် (ထိပ်ထား)၊ ဒုန်းပြိုင်ပွဲ (အလတ်တန်း) ပြိုင်ပွဲတွင် ပထမဆုရ ကျော်မင်းကို (ထွန်းတောက်)၊ ဒုတိယဆုရ ချစ်ချစ်နောင် (ထီလာတံခွန်)၊ တတိယဆုရ Sandra (မဲကြီး)၊ ဒုန်းပြိုင်ပွဲ (အကြီးတန်း)ပြိုင်ပွဲတွင် ပထမဆုရ ချစ်လား(ပျံလွှား)၊ ဒုတိယဆုရ အောင်အောင်စိုး (ရဲရဲတောက်)၊ တတိယဆုရ မြင့်စိုး (ရူဝံ)၊ ဒုန်းပြိုင်ပွဲ (အထူးတန်း) ပြိုင်ပွဲတွင် ပထမဆုရ ဖြိုးသီဟဇော်(BONDI ROLLAR)၊ ဒုတိယဆုရ နန်းကိုဝင်း (ကစ္စပနဒီ)၊ တတိယဆုရ ဇင်မင်း (မိုးခမ်း)၊ Dressage အလှ ဦးသန်းနိုင်အောင်၊ တန်းခုန်ပြိုင်ပွဲတွင် ပထမဆုရ ပိုးအိဖြူ (စိန်ဝင်းမယ်)၊ ဒုတိယဆုရ ရှင်းခန့်ဝင်း(မန္တလေးနွယ်)၊ တတိယဆုရ သန်းနိုင်အောင် (စိန်အိမ်သူ) တို့အား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

လင်းရာမ





# (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဆုရအားကစားသမားများနှင့် ပြိုင်ပွဲဝင်များအားဆုချီးမြှင့်

ညောင်လေးပင် ဇန်နဝါရီ ၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်းသိရသည်။

ဆုချီးမြှင့်ရာတွင် တိုင်းဒေသကြီးအဆင့် တိုက်ကွမ်ဒိုပြိုင်ပွဲ၊ မီနီမာရသွန်ပြိုင်ပွဲ၊ မြို့နယ်အဆင့်စစ်တုရင်ပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ မီနီမာရသွန်ပြိုင်ပွဲနှင့်ကဗျာပြိုင်ပွဲများတွင် ပထမဆုရရှိသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဆုရရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

ခင်မောင်လွင် (ညောင်လေးပင်)

# ပေါင်မြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပ

ပေါင် ဇန်နဝါရီ ၄

မွန်ပြည်နယ် ပေါင်မြို့နယ်၌ (၇၅) နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ယနေ့ နံနက် ၄ နာရီ မိနစ် ၂၀ က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့ရှိ



လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပသည်။

နံနက် ၄ နာရီ မိနစ် ၂၀ တွင် နိုင်ငံတော်အလံကို လွှင့်တင်ခဲ့ပြီး နံနက် ၇ နာရီတွင် ဝါရီရူခန်းမ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က ဖတ်ကြားခဲ့သည်။

ထို့နောက် လွတ်လပ်ရေးနေ့အတွက် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးတို့အပြင် မြို့နယ်အလိုက်အားကစားနည်းမျိုးစုံဆုရရှိသူများ၊ ဌာနဆိုင်ရာဖူဆယ်ဘောလုံးပြိုင်ပွဲတွင်ဆုရရှိသူများ၊ မြို့နယ်အားကစားပြိုင်ပွဲတွင် စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ခဲ့ကြသောသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဆုများ ချီးမြှင့်ခဲ့ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများကလည်း လွတ်လပ်ရေးနေ့လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)



ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ဇန်နဝါရီ ၄ ရက်က ပြုလုပ်ရာ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ကလောခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

အေးခိုင်(ကလော)

# တောင်ငူမြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲ အခမ်းအနားကျင်းပ

တောင်ငူ ဇန်နဝါရီ ၄

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တောင်ငူခရိုင်အားကစားကွင်း(မိုင်ဒါကွင်း)၌ ကျင်းပသည်။

ရှေးဦးစွာနံနက် ၄ နာရီ မိနစ် ၂၀ တွင် တောင်ငူမြို့ မိုင်ဒါကွင်းအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အလံတင်အခမ်းအနားကို ကျင်းပသည်။

ထို့နောက် နံနက် ၇ နာရီတွင် တောင်ငူမြို့ ခရိုင်အားကစားကွင်းအတွင်း၌ တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းလှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် သဝဏ်လွှာအား ဖတ်ကြားသည်။

ဆက်လက်၍ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲနှင့် ဌာနဆိုင်ရာပြခန်းများ၊ သစ်သီး၊ ပန်းမန်၊ ဥယျာဉ်ခြံပြိုင်ပွဲများမှ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းကို ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ တောင်ငူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်မြို့မိမြို့ဖများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းနှင့် အဆိုပါအခမ်းအနားသို့



တက်ရောက်လာသူများအား တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့

ကမ္ဘာ့ အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့ အတူ ဆက်လက် ဆောင်ရွက်စို့




သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ

## အထူးဝမ်းမြောက်ဂုဏ်ယူပါသည်

ကုန်းဘောင်မင်းဆက် နဝမမြောက်ဘုရင် ပုဂံမင်းတည်ထား ကိုးကွယ်တော်မူခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့နယ်၊မြို့မကျောင်းလမ်းရှိ သမိုင်းဝင်အိမ်တော်ရာစေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့ဥက္ကဋ္ဌ သဒ္ဓမ္မဇောတိကဓဇဦးမျိုးမင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၃)ဖြင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အချိန်အခါတွင် သာသနာပြုအဆင့်မြင့်ဘွဲ့ ဖြစ်သည့် **"မဟာသဒ္ဓမ္မ ဇောတိကဓဇ"**ဘွဲ့ချီးမြှင့်ခြင်းခံရသဖြင့် အထူးဝမ်းမြောက်ဂုဏ်ယူပါသည်။ ဆက်လက်၍ ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပြီး ဘာသာ သာသနာ အကျိုးအတွက် ဆထက်ထမ်းပိုးတိုး၍ ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**စေတီတော်ဂေါပကအဖွဲ့**
**အိမ်တော်ရာစေတီတော်(ရန်ကုန်)**

## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**ဦးရဲထွန်း**(ဥက္ကဋ္ဌ၊ Y.M.B.A) အသင်း(ဗဟို)အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ**"သီရိသုဓမ္မမဏိဇောတဓရ"**ဘွဲ့တံဆိပ်တော်အား ပေးအပ်နှင်းသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဒီထက်မက အမျိုးဘာသာ၊ သာသနာတော်အကျိုးသယ်ပိုးထမ်းဆောင်ထောက်ပံ့နိုင်ပါစေကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**Y.M.B.A**
**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

# Junior Golf Myanmar New Year Golf Tournament
## ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် Junior Golf Myanmar တို့က စီစဉ်၍ SHWETE Co., Ltd က အဓိကကူညီပံ့ပိုးသော Junior Golf Myanmar New Year Golf Tour-nament ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက်က ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ Junior Golf Myanmar ဥက္ကဋ္ဌ ဦးမြင့်အောင်က အဓိကကူညီပံ့ပိုးသော SHWETE Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးရွှေတီးအား အမှတ်တရဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် SHWETE Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးရွှေတီးက အသက် ၁၂ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၇၆ ချက်ဖြင့် တတိယဆုရရှိသော ကြည်စင်ထွန်းသန့်အားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၇၁ ချက်ဖြင့် ဒုတိယဆုရရှိသော ထူးမြတ်အောင်အားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၆၁ ချက်ဖြင့် ပထမဆုရရှိသော ထွန်းထွန်းဦးတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ရန်ကုန်ဂေါက်ကွင်း စီမံဥက္ကဋ္ဌ ဦးခိုင်စိုးသာက အမျိုးသမီးသက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၇၉ ချက်ဖြင့် တတိယဆုရရှိသော ချိုသာအောင်အားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၆၈ ချက်ဖြင့် ဒုတိယဆုရရှိသော အေးစုအောင်အားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ပထမဆုရရှိသော မိုးပြည့်စုံခင်တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက အသက် ၁၄ နှစ်အောက် သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၇၆ ချက်ဖြင့် တတိယဆုရရှိသော ဝေယံလင်းအားလည်းကောင်း၊ စုစုပေါင်း ရိုက်ချက် ၁၇၀ ဖြင့် ဒုတိယဆုရရှိသော ကောင်းထက်အားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၆၀ ဖြင့် ပထမဆုရရှိသော ပြည့်စုံအောင်အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) က အသက် ၁၈ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၅၇ ချက်ဖြင့် တတိယဆုရရှိသော မင်းစစ်သွေးအားလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၁၅၇ ချက်ဖြင့် ဒုတိယဆုရရှိသော ထွန်းသူရိန်အားလည်းကောင်း၊ စုစုပေါင်း ရိုက်ချက် ၁၅၁ ချက်ဖြင့် ပထမဆုရရှိသော ဟိန်းနိုင်ဇင်တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

Junior Golf Myanmar New Year Golf Tournament ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း) တွင် ဇန်နဝါရီ ၃ ရက်မှ ၄ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့သည်။ ယခုပြိုင်ပွဲမှာ Junior Golf Myanmar၏ (၂၈)ကြိမ်မြောက် ကျင်းပသည့် ပြိုင်ပွဲတစ်ပွဲဖြစ်ပြီး (၂၉)ကြိမ်မြောက်ပြိုင်ပွဲကို Yangon Sunday Morning Golfers Group က အဓိကကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MGF**




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦ အထူးအဖွဲ့(၁၆)မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း (ဖြည့်စွက်)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နေပြည်တော်ကောင်စီနယ်မြေရှိ Legal Advocacy Center သင်တန်းခန်းမဆောင်နှင့် အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦ ဆောက်လုပ်ခြင်းအတွက် အသုံးပြုရန် စံချိန်စံညွှန်းမီအရည်အသွေးပြည့်ဝသော တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | -၅-၁-၂၀၂၃(ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါလျှောက်လွှာပုံစံ နောက်ဆုံးပိတ်မည့်ရက် | -၁၈-၁-၂၀၂၃ မွန်းတည့်(၁၂:၀၀)နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်နေရာ | - Legal Advocacy Center သင်တန်းခန်းမဆောင်နှင့်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦ၊ ပဲခူးလမ်းနှင့် လှိုင်ကော်လမ်းထောင့်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ |

၂။ တင်ဒါတင်သွင်းဖွင့်ဖောက်မည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းအမှတ်- 09889688877,095505790 သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၈/၅၊ မြေကွက်အမှတ်(၆၄၃)၊ ကျန်စစ်သားလမ်း၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးသိန်းထိုက် [၁၂/အစန(နိုင်)၀၆၂၃၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းငြိမ်းအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၁၁)**
**အမှတ်(၁၅)၊ ရတနာလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၄၂၂၉၆**

## စဉ့်ကူးမြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ ကျင်းပ

**စဉ့်ကူး ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ယနေ့နံနက်ပိုင်းက အပိုင်းနှစ်ပိုင်းခွဲ၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

နံနက် ၄ နာရီ မိနစ် ၂၀ တွင် နိုင်ငံတော်အလံအား တိုင်ထိပ်သို့လွှင့်တင်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ သဝဏ်လွှာအား ဖတ်ကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် အထက(စဉ့်ကူး)မှ ဘင်ခရာတပ်ဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**တင်ဇာလွင်(ပြန်/ဆက်)**

■



# အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၃ ဖြင့် **သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်**ကို မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ဘဏ္ဍာရေးမှူး **ဦးမောင်မောင်ဆန်း (မောင်မောင်ဆန်း ကျောက်မျက်ကုမ္ပဏီ)**အား ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးလိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ပါသည်။

ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း

## မွေးရကျိုးနပ်ပါပြီ

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခါသမယတွင် သာသနာတော်ကိစ္စအရပ်ရပ်၌ (၁၅)နှစ်တာ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတော်မှ ချီးမြှင့်သော **"မဟာသဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့ထူးရရှိသည့် **"သံသရာလမ်းညွှန် အဘိဓမ္မာသင်တန်းမှူး"** **ဒေါ်ငွေရည်ဦး**၊ သမီးကြီးအတွက် မိဘနှစ်ပါးနှင့် မောင်နှမ ဆွေမျိုးများက လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဖေဖေ-ဦးချစ်ငွေ၊ မေမေ-ဒေါ်ရီရီငွေ**
**မောင်နှမများ**

**ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၁၀-ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ တိုက်အမှတ်(၁၉၆)တွင် ဆောက်လုပ်ထားသည့် HK (၄)ထပ်တိုက် ၂ ခန်းတွဲ အဆောက်အဦမှ မြေညီထပ်-၂လွှာပါ (ခေါင်းရင်းဘက်ခြမ်း)တိုက်ခန်း၊ အကျယ်အဝန်း(၁၂½ ပေx၅၉ပေ)ရှိ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍-**

**ကန့်ကွက်နိုင်ကြောင်း ကြေညာချက်**

အထက်အမည်ပါ HK-၂လွှာပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ဒေါ်ဝင်းကြည် [၁၂/ကတတ(နိုင်)၀၁၂၉၂၅] (AF-၀၄၁၃၇၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းညွန့်(LL.B)** | **ဦးနိုင်ထွဋ်လင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၇)** | **အထက်တန်းရှေ့နေ(စဉ်-၃၅၅၄၅)** |

**အိမ်၊ ခြံ၊ မြေ၊ လယ်ယာမြေ၊ တိုက်ခန်း၊ ကွန်ဒိုခန်း-ရောင်း၊ ဝယ်၊ ငှား စာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှု**
**ဖူးပွင့်ဝေ Law Firm**
**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၅၀၆၁၅၇၊ ၀၉-၇၈၅၅၀၆၁၅၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဓမ္မာ(၄)လမ်း၊ တိုက်အမှတ်(၁၁၉၁)၊ (၂)ခန်းတွဲ RC (၅)ထပ်တိုက်၏ တတိယထပ် (၄ လွှာ)၊ (တိုက်ကိုမျက်နှာမူလျှင် လက်ဝဲဘက်ခြမ်းအခန်း)၊ ဧရိယာ(၆၇၅)စတုရန်းပေရှိ တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးမျိုးအောင်အောင်ဇော် [၁၂/ဥကမ(နိုင်)၁၆၉၀၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ကေကေသိုက် [၁၂/ကမတ(နိုင်)၀၆၇၄၅၃]၊ ဦးအောင်မြတ်မင်း [၁၂/လမန(နိုင်)၁၅၃၁၀၇]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကေကေသိုက်၊ ဦးအောင်မြတ်မင်းတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သူဇာကျော် LL.B, D.B.L, D.I.L, D.I.P.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**Ph:09-765602290**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ (Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## မန္တလေးမြို့၊ မလွန်ဈေးဆန်လှူအသင်းကြီး
## ၁၃၈၅-ခုနှစ်၊ (၁၂၇) နှစ်မြောက်
## ဆွမ်းဆန်တော်များ လှူဒါန်းနိုင်ရန် နှိုးဆော်လွှာ

စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်း တောင်ရိုးကြီး(၃)ရပ်နှင့် မန္တလေး(၇)မြို့နယ်တို့တွင် သီတင်းသုံးနေထိုင်တော်မူကြကုန်သော ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင် အလှူခံ ပုဂ္ဂိုလ်ပေါင်း (၆၀၀၀၀)ကျော်တို့အား မန္တလေးမြို့၊ မလွန်ဈေးဆန်လှူအသင်းကြီးမှ ၁၃၈၄-၈၅ ခုနှစ်၊ (၁၂၇)နှစ်မြောက်အတွက် မဟာသံဃိကတဏ္ဍုလဒါန ဆွမ်းဆန်တော်များ လှူဒါန်းနိုင်ရန်အတွက် အလှူရှင်များ၊ သင်းထောက်အဖွဲ့များမှ ပေးပို့လှူဒါန်းလျက်ရှိရာ ရောက်ရှိလာသော ဆွမ်းဆန်တော်များကိုလည်း ကြိုတင်လှူဒါန်းလျက်ရှိပါသည်။

၅-၁-၂၀၂၃ ရက်မှစ၍ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မလွန်ဆန်လှူသင်းထောက်အဖွဲ့များအသီးသီးသို့ အလှူခံခရီးစဉ် စတင်ထွက်ခွာပါမည်။

**ဥက္ကဋ္ဌကြီးနှင့်အမှုဆောင်အဖွဲ့**
**မလွန်ဈေးဆန်လှူအသင်းကြီး**
**မန္တလေးမြို့။ ဖုန်း-၀၂-၄၀၃၉၂၄၀၊ ၀၉-၇၈၀၆၆၈၄၀၀**

## "အများသိစေရန်"

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃)ရပ်ကွက်၊ ၃၅-လမ်း(အထက်ဘလောက်)၊ အိမ်အမှတ်-၂၀၃(ဒုတိယထပ်)၊ ဦးညီညီစိုး[၁၂/အလန(နိုင်) ၀၃၇၉၅၈]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ ဦးကြည်စိုးသည် "အိမ်ဘုရင်" အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းကို ၁၉၉၀-ခုနှစ်ကတည်းက တရားဝင်တည်ထောင်ဖွင့်လှစ်လုပ်ကိုင်ခဲ့ပါသည်။ ထိုကဲ့သို့ လုပ်ကိုင်ခဲ့ရာ "အိမ်ဘုရင်" အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှာ မြန်မာပြည်တစ်ဝန်းကောင်းသတင်းဖြင့် ကျော်ကြားခဲ့ပြီးဖြစ်ပါသည်။ ထိုကဲ့သို့ ကောင်းသတင်းဖြင့် အောင်မြင်လာခဲ့ပြီးနောက်ပိုင်းတွင်လည်း ဦးကြည်စိုးသည် "ကြည်စိုး IC" အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းသင်တန်းများအဖြစ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းတက်ရောက်သူများကို အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းနှင့် ပတ်သက်သည့် ဥပဒေရေးရာများကို သင်တန်းပို့ချခဲ့ရာ များစွာအောင်မြင်ဖြစ်ထွန်းခဲ့ပါသည်။ "ကြည်စိုး IC" အိမ်ခြံမြေသင်တန်းတွင် ဦးကြည်စိုးက ကိုယ်တိုင်ပြုစုသည့် သင်ခန်းစာပို့ချချက်များဖြင့် သင်တန်းသားများကို သင်ကြားပို့ချခဲ့ပါသည်။ ထို့အပြင် ဦးကြည်စိုးသည် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းနှင့်ပတ်သက်သည့် ဥပဒေရေးရာနှင့် မှတ်သားဖွယ်ရာ ဥပဒေရေးရာပြဿနာများတို့ကို ကိုယ်တိုင်ရေးသားပြုစုသည့် စာအုပ်များကို ဖြန့်ဖြူးရောင်းချခဲ့ပါသည်။ ဦးကြည်စိုးသည် ထိုကဲ့သို့ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းနှင့်ပတ်သက်၍ သင်တန်းများပို့ချခြင်း၊ စာအုပ်များထုတ်ဝေခြင်းများ လုပ်ကိုင်လျက်ရှိနေစဉ်မှာပင် ဦးကြည်စိုးသည်(၃၀-၁၀-၂၀၂၂)ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သွားခဲ့ပါသည်။ ဦးကြည်စိုးသည် ၎င်းလုပ်ကိုင်လျက်ရှိသည့် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းနှင့်ပတ်သက်၍ လည်းကောင်း၊ ၎င်းရေးသားပြုစုခဲ့သော အိမ်ခြံမြေသင်တန်းပို့ချချက်များ၊ သင်ခန်းစာများနှင့် ၎င်းရေးသားပြုစုထုတ်ဝေခဲ့သည့် စာအုပ်များ အစရှိသည်တို့ကို ဦးကြည်စိုးမကွယ်လွန်မီကပင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲအပ်လုပ်ကိုင်ဆောင်ရွက်စေခဲ့ခြင်းမရှိပါ။ သို့ဖြစ်၍ ဦးကြည်စိုး "ကြည်စိုး IC" အသက်ရှိစဉ်က ပြုစုခဲ့သော အိမ်ခြံမြေအကျိုးဆောင်သင်တန်း၏ သင်ရိုးညွှန်းတမ်းများ၊ "ကြည်စိုး IC" ပြုစုရေးသားပြီး တရားဝင်ရေးသားပြုစုထုတ်ဝေဖြန့်ဖြူးရောင်းချခဲ့သော စာအုပ်များအစရှိသည်တို့ကို ဦးကြည်စိုး "ကြည်စိုး IC" အမွေစားအမွေခံသားတစ်ဦးဖြစ်သည့် ဦးညီညီစိုး၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ထုတ်ဝေခြင်း၊ လွှဲပြောင်းခြင်းတို့ကို မည်သူတစ်ဦးတစ်ယောက်မျှ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ပါက တရားဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးတင်လှိုင်ထွေး [B.A(Law),LL.B]** | **ဒေါ်ငုဝါဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၂၁၃၆/၈၁)** | **(စဉ်-၁၅၇၉၈/၂၀၁၉)** |

**အမှတ်-၁၀/၁၂၊ ပထပ်၊ အခန်းအမှတ်-၁၀၃(I)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဥတုရာသီ တောကိုမှီ၏

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂) ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၅၄)၊ ဟောင်ကောင် (၂-လွှာ)၊ (၄)ထပ်၊ အခန်းအမှတ်(၇/၈)၊ အခန်းအကျယ်အဝန်း (အလျား ၁၂½ပေx အနံ ၅၀ပေ)ရှိတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အားလုံး တို့ကို တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးမြတ်အောင်(ခ) ဦးမြင့်အောင် [၁၃/မဆတ(နိုင်)၀၂၉၉၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

### "ကန့်ကွက်နိုင်ပါသည်"

ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ၁၂-ရပ်ကွက်၊ Rose Garden ၊ အမှတ်(၁၄၄) မြေကွက်အား ရောင်းချပိုင်ခွင့်ရှိသူ ပိုင်ရှင် ဦးတန်ဟုန်အမ်(ခ)မြင့်သိန်း[၁၂/လမန(နိုင်)၁၂၉၂၈၅] ထံမှ ဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ စာရွက်စာတမ်း(မူရင်း)များနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မချူအေးသိန်း(LL.B)(စဉ်-၁၂၂၅၇)**
**(တရားလွှတ်တော်ရှေ့နေ)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့နယ်။**

# ဦးစိုးလှိုင်
## ဒု-အင်ဂျင်နီယာချုပ်(ငြိမ်း)၊ ကုန်းလမ်းပို့ဆောင်ရေး
## အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ်(၃၀၇)၊ ရာဇာဓိရာဇ်လမ်း၊ (၁၃)ရပ်ကွက်နေ ဒေါ်မူမူ၏ခင်ပွန်း၊ (ဦးမြ)-ဒေါ်လှမေတို့၏ တစ်ဦးတည်းသောသား၊ (ဦးလှကျော်-ဒေါ်တင်တင်)တို့၏သားသမက်၊ ဒေါ်မြတ်မာလာစိုး၊ ဦးထွန်းလင်းစိုး-ဒေါ်သန္တာစုစုလှိုင်၊ ဦးထက်လင်းစိုး-ဒေါ်စန္ဒီသိန်းထွန်း၊ ဦးကောင်းမြတ်ထွန်း၊ ဒေါ်စန္ဒာအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၃-၁-၂၀၂၃ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၂၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများနှင့် မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

# ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာသာမိ
## ရခိုင်ရိုးလေးပရိယတ္တိစာသင်တိုက်
## သိက္ခာတော် (၄၈)ဝါ၊ သက်တော် (၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာအုပ်စု၊ ရခိုင်ရိုးလေးကျေးရွာ ရခိုင်ရိုးလေးပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာသာမိ သိက္ခာတော် (၄၈)ဝါ၊ သက်တော် (၆၈)နှစ်သည် (၁၃၈၄-ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်) ၃၀-၁၂-၂၀၂၂ (သောကြာနေ့) ည ၈:၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၄-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်) ၇-၁-၂၀၂၃ (စနေနေ့) နံနက် ၉ နာရီတွင် ပင့်သံဃာ အပါး(၁၀၀)တို့အား လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး မွန်းလွဲ ၂ နာရီတွင် ဥတုဇ ရုပ်ကလာပ်တော်ကို ညောင်ဝိုင်းသုသာန်သို့ပင့်ဆောင်၍ အန္တိမအဂ္ဂိသာစုကီဠနပူဇော်မည်ဖြစ်ပါကြောင်း ဒါယကာ၊ ဒါယိကာမတို့အား သံဝေဂ ဉာဏ်ပွားများရန် အသိပေး အကြောင်းကြားအပ်ပါသည်။

သံဃာတော်များနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ

---

အားကစား
မြင့်တင်
စိတ်
လန်းရွှင်
ဆန့်ကျင်
မူးယစ်
ဆေး

---

# ဒေါ်လှငွေ
## အသက်(၈၁)နှစ်

အမှတ် (၂၃၀)၊ ပထမထပ်၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးမောင်ရွှေ-ဒေါ်မြရင်)တို့၏သမီး၊ ဦးထွန်းရွှေ၊ ဒေါ်ကျင်ကြူး၊ ဒေါ်ကြူကြူ၊ ဦးဉာဏ်လင်း၊ ဒေါ်ကြူးဆေး၊ ဒေါ်ကြူးမေ၊ ဒေါ်ကြူးမေလေးတို့၏ အစ်မ၊ ဦးကျော်ထွန်း၊ ဦးအောင်သန်း၊ ဒေါ်ခိုင်ခိုင်ဝင်း၊ ဦးနေလင်းမောင်မောင်၊ ဦးသိန်းပိုင်၊ ဦးကျော်ဟိန်းမောင်မောင်၊ ဦးဇင်မောင်မောင်၊ ဦးအောင်သိန်းဇံ၊ ဒေါ်နန်းမြရင်ဦး၊ ဦးကျော်စွာဝင်းတို့၏ ကြီးတော်သည် ၄-၁-၂၀၂၃ ရက် နံနက် ၀၀:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါ၍ ၆-၁-၂၀၂၃ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

# ဦးအောင်မှတ် (သန်လျင်)
## အသက်(၇၃)နှစ်

သန်လျင်မြို့၊ မြို့သစ်အနောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၅)နေ (ဦးလှမောင်-ဒေါ်ကျင်လှိုင်)တို့၏ သား၊ (ဦးမောင်ရှိန်-ဒေါ်လှညွန့်)တို့၏ သားသမက်၊ ဒေါ်သစ်သစ်ဝင်း၏ ခင်ပွန်း၊ ဒေါ်ရွှေစင်ထွန်း (ဦးစီးအရာရှိ၊ လူမှုဖူလုံရေးအဖွဲ့ချုပ်၊ နေပြည်တော်)၏ဖခင်၊ ဒေါ်မြင့်စိန်၊ ဒေါ်ဝင်းရီတို့၏မောင်၊ (ဦးရဲဝင်း)၏ အစ်ကိုသည် ၄-၁-၂၀၂၃(ဗုဒ္ဓဟူးနေ့) နံနက် ၅:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၂၃ (သောကြာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်အေးကြိုင်
## စာစစ်မှူး(ငြိမ်း)၊ အိုးအိမ်ဦးစီးဌာန
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄)မြောက်ရပ်ကွက်၊ မြို့မ (၁၄) လမ်းအရှေ့၊ အမှတ်(၄၆/က)နေ (ဦးမောင်ဟန်-ဒေါ်ညွန့်ရင်)တို့၏ သမီး၊ (ဦးချန်-ဒေါ်သာနု)တို့၏ သမီးချွေးမ၊ (ဦးမောင်မောင်သွင်)၏ ဇနီး၊ (ဦးအေးသွင်)၊ ဦးမျိုးသွင် (ပြည်ထောင်စုလွှတ်တော်ရုံး-ငြိမ်း)-ဒေါ်ဝင်းမင်းစိုး (လ/ထ ညွှန်မှူး၊ လွှတ်တော်နှင့် အိမ်တော်အဆောက်အဦးများထိန်းသိမ်းရေးအဖွဲ့)၊ ဦးစိုးမင်းနောင် (ပို့ဆောင်ရေး၊ ရေကြောင်းဌာန-ငြိမ်း)-ဒေါ်ကြူကြူသွင်၊ (ဦးညီညီသွင်)တို့၏မိခင်၊ မြေး ခြောက်ယောက်၊ မြစ် နှစ်ယောက်တို့၏ အဘွားသည် ၄-၁-၂၀၂၃ ရက် နံနက် ၄:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၂၃ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းသန်းဌေး(အန်တီလေး)
## အသက်(၆၅)နှစ်

အမှတ် (၁၁/E)၊ မြေနုလမ်း၊ မြေနီကုန်းနေ (ဦးအုန်းစိန်-ဒေါ်သန်းစိန်)တို့၏ သမီး၊ ဦးမြင့်ဆွေ၏ဇနီး၊ မောင်ထက်ဖြိုးမောင်-မေသန္တာဝင်းတို့၏မိခင်၊ မန္တေးမြအိမ်၏ချစ်လှစွာသော ဘွားဘွားကြီးသည် ၃-၁-၂၀၂၃ ရက် နံနက် ၃:၂၇ နာရီတွင် ပင်လုံဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**(ဦးစိုးအောင်)- ဒေါ်ခင်ဝင်းနှင့်**
**တူ/တူမများ**

---

ရဟန်း ဒါယကာကြီး

# ဦးစောမင်း[B.Sc(Maths)]
## စိန်ဂျွန်းကျောင်းသားဟောင်း
## အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မကြီးကြီးလမ်း၊ အမှတ်(၄၆)နေ (ဦးကျော်ကြီး-ဒေါ်မြရီ)တို့၏ သားငယ်၊ (ဦးမြင့်သိန်း-ဒေါ်ခင်ဝင်း)တို့၏ သားသမက်၊ (ဦးကျော်လင်း)-ဒေါ်ရင်ကြည်၊ (ဦးလှမင်း)-ဒေါ်ကေသီအေး၊ ဒေါ်တင်တင်သိန်းတို့၏ ညီ/မောင်၊ ဒေါ်သန်းသန်းစိုး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲမင်းထွန်း(ခ)ဖိုးလပြည့်၊ မောင်ရဲမင်းဇော်(ခ)ဝိုင်းချစ်၊ မောင်ဉာဏ်မင်းထွန်း(ခ)စုပုံချစ်၊ မသိမ့်ရတနာစော(ခ)သဲစုတို့၏ မွေးသဖခင်၊ မမြတ်ပွင့်သူ၊ မရွှန်းလဲ့သူတို့၏ ဦးလေးသည် ၃-၁-၂၀၂၃ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါ၍ ၇-၁-၂၀၂၃ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၂၃ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်]

ကျန်ရစ်သူမိသားစု

---

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊(၃၉)ရပ်ကွက်နေ ဦးခွန်းပန်းရွှေ(၁၄/ကလန(နိုင်) ၁၃၈၄၈၁) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

ရန်ကုန်မြို့၊ရွှေပြည်သာမြို့နယ်၊ပေါ်တော်လမ်း၊မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၅၈၂)၊အကျယ်အဝန်း (၄၀' X ၆၀')ပေရှိသော ခြံမြေနှင့်၎င်းခြံမြေပေါ်ရှိ မြေပေါ် မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လိုအပ်သလို စီမံခန့်ခွဲရောင်းချ ပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးရဲဝင်းနိုင်(၈/ဆဖန(နိုင်)၀၀၀ရ၁၅)မှ ယင်းခြံမြေကွက်နှင့်နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချလိုကြောင်းကမ်းလှမ်းရာ အဆိုပြုတန်ဖိုးဖြင့်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခွန်းပန်းရွှေမှ သဘောတူလက်ခံပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသစရံငွေကိုပေးချေခဲ့ပြီးဖြစ်ပါသည်။ အထက်ပါခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ကန့်ကွက်လိုသူများရှိပါက မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ယင်းခြံမြေ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးစိုးပြည့်လင်း**
LL.B, D.I.L, WIPO(switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၅၆)
အမှတ်(၁၆၄)၊ ဗိုလ်ဆွန်ပက်လမ်း(အလယ်)၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉ ၅၄၀ ၆၄၈၇၊ ၀၉ ၇၈ ၅၄၀ ၆၄၈၇

---

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ (၈၅)ရပ်ကွက်၊ မြေကွက်အမှတ် (၉၀၁/၉၀၂) ဟုခေါ်တွင်သော မြေအလျားxအနံ (၈၀x၆၀)ပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်အား မူလအမည်ပေါက် ဦးအောင်မျိုးမြတ် [၉/ခအက(နိုင်) ၀၀၀၉၃၉]ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ထွေး [၁၀/ကမရ(နိုင်)၀၁၆၈၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှချောယဉ် [၅/ဘတလ(နိုင်)၁၀၁၀၉၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယမင်းထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅/၂၀၁၇)**
**အမှတ်(၁၁၃၇)၊ ရွှေတဆုပ်လမ်း၊ (၁၀၄) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း- ၀၉-၄၅၆၉၉၆၇၇၆**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းသန်းဌေး(အန်တီလေး)
## အသက်(၆၅)နှစ်

အမှတ် (၁၁/E)၊ မြေနုလမ်း၊ မြေနီကုန်းနေ (ဦးအုန်းစိန်-ဒေါ်သန်းစိန်)တို့၏ သမီး၊ ဦးမြင့်ဆွေ၏ ဇနီး၊ မောင်ထက်ဖြိုးမောင်-မေသန္တာဝင်းတို့၏ မိခင်၊ မန္တေးမြအိမ်၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၃-၁-၂၀၂၃ ရက် နံနက် ၃:၂၇ နာရီတွင် ပင်လုံဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

**မငယ်နှင့် အစ်ကိုကြီးများ**

---

# မောင်ဘုန်းမြင့်ဇေယျာအောင် [၁၂/မရက(နိုင်) ၁၈၅၀၈၈]အား သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးဘဟန်လမ်း၊ အမှတ်(၆)နေ ဦးညွန့်ညွန့်မောင် [၁၂/မရက(နိုင်)၀၈၂၀၅၅]နှင့် ဒေါ်မြမူ [၁၂/မရက(နိုင်)၀၈၁၈၈၀]တို့၏ သားဖြစ်သူ မောင်ဘုန်းမြင့်ဇေယျာအောင် [၁၂/မရက(နိုင်)၁၈၅၀၈၈] သည် မိဘတို့၏ ပြောဆိုဆုံးမမှုများကို လိုက်နာမှုမရှိဘဲ၊ မိဘများအား စိတ်ဆင်းရဲစေရန် အမြဲတစေ ပြုမူဆောင်ရွက်နေပါသောကြောင့် သားအဖြစ်မှ အပြီးအပိုင် အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း၊ မောင်ဘုန်းမြင့်ဇေယျာအောင်နှင့်ပတ်သက်သော ကိစ္စမှန်သမျှအားလုံးနှင့် ဆောင်ရွက်မှု မှန်သမျှကို မိမိတို့နှင့် လုံးဝမသက်ဆိုင်ပါကြောင်း၊ မိဘများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးညွန့်ညွန့်မောင်နှင့် ဒေါ်မြမူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၉-၉၆၅၁၈၁၈၂၀**

---

# ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃/တိုးချဲ့)၊ မြေကွက်အမှတ်(၁၁၈)၊ အကျယ်အဝန်း ပေ(၄၀x၆၀) အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ပေ(၂၀x၆၀)မြေကွက်အမှတ်(၁၁၉) နှင့် ကပ်လျက်ဘက်ခြမ်းရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ကျော်[၁၂/သဃက(နိုင်)၀၇၁၂၅၁]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၁၁)**
**အမှတ်(၁၅)၊ ရတနာလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၂၂၉၆**

---

# ရှမ်းပြည်နယ်၊ ကလောခရိုင်၊ ကလောမြို့နယ်၊ လွယ်အံအုပ်စု၊ ကွင်းအမှတ်(၄၁၊ ကြေးကုန်းရွာအနောက်)၊ ဦးပိုင်အမှတ်(၂၅/၂)၊ မြေကွက်အမှတ် ( $\frac{66}{188}$ )၊ အဆောက်အဦမြေအမျိုးအစား၊ ဧရိယာ(၀.၉၈)ဧက အကျယ်အဝန်းရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဖော်ပြပါ မြေကွက်အပါအဝင် အကျိုးခံစားခွင့်တို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်သဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင်ထွန်းဦး [၁၂/ကတတ(နိုင်)၀၀၆၁၃၂]ထံမှ အပြီးအပိုင် လက်ရောက်ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းအပေါ် အကျိုးသက်ဆိုင်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်နိုင်ဝင်း (စဉ်-၈၂၁၉)** | **ဒေါ်တင်တင်ခိုင် (စဉ်-၈၀၀၈)** |
| **LL.B,D.I.L** | **LL.B,D.B.L,D.M.L, D.I.L** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |


**အမှတ်(၁၃/ခ)၊ ၈-လမ်း၊ (၃/ခ) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း-၀၉-၄၄၈၀၂၅၉၉၃၊ ၀၉-၉၇၈၉၄၀၀၆၆**

---

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➢ လတ်တလော အသုံးမပြုသည့် လျှပ်စစ်ပစ္စည်းများ၏ Plug ခေါင်းများကို Socket များမှ ဖြုတ်ထားပါ။





## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

---

❖ **ဒေသနှင့်တိုင်းရင်းသားအကျိုးကို တရားဥပဒေနှင့်အညီ တောင်းဆို ဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ယခုထက် ပိုမိုပါဝင်လာရန်လိုအပ်...**

❖ **အမိနိုင်ငံတော်တည်းဟူသော အရိပ်အာဝါသအောက်တွင်အတူတကွ ပေါင်းစည်းနေထိုင်ကြသူများဖြစ်သဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုပါက တစ်သွေးတစ်သားတည်း၊ တစ်စိတ်တစ်ဝမ်းတည်းဖြင့် စိတ်တူကိုယ်တူ သဘောထားတူညီစွာ အတူတကွ လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဥက္ကဋ္ဌ ကျာဆော်လမ္ဘန်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)

---

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့ ညနေပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်းအတွင်းရှိ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တိုင်းရင်းသားရိုးရာ ယိမ်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

---



ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုလိုက်သည့် အကျဉ်းသားများကို တွေ့ရစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူ ၇၀၁၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယနေ့တွင် ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရန်နှင့် လူမှုရေးအရငဲ့ညှာထောက်ထားပြီး နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကိုနားလည်စေရန် ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူ ၇၀၁၂ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်ဟူသော စည်းကမ်းသတ်မှတ်ချက်များဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကို လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း သိရသည်။

**စာမျက်နှာ ၂၁ ကော်လံ ၃ သို့ ✳**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား မြင်ကွင်း



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် စစ်ရေးပြတပ်ရင်းများက ချီတက်အလေးပြုကြစဉ်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် တပ်မတော်(ကြည်း) အလံတော်တပ်ဖွဲ့ ချီတက်အလေးပြုစဉ်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ ချီတက်အလေးပြုစဉ်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ ချီတက်အလေးပြုစဉ်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ ချီတက်အလေးပြုစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား မြင်ကွင်း



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ ချီတက်အလေးပြုစဉ်။




(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ ချီတက်လာစဉ်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ ချီတက်အလေးပြုစဉ်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ ချီတက်အလေးပြုစဉ်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ ချီတက်အလေးပြုစဉ်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ ချီတက်အလေးပြုစဉ်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြုရဲတပ်ခွဲ ချီတက်အလေးပြုစဉ်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ ချီတက်အလေးပြုစဉ်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲ ချီတက်အလေးပြုစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား မြင်ကွင်း







K-8 W ဂျက်တိုက်လေယာဉ် ငါးစင်းက Smoke Trail အသုံးပြုပြီး နိုင်ငံတော်အလံ ကိုယ်စားပြုအရောင်များ ထုတ်လွှတ်ကာ အုပ်ဖွဲ့ပျံသန်း အလေးပြုကြစဉ်။

တပ်မတော်(လေ)မှ စမ်းသပ်ထုတ်လုပ်သည့် MTX-1A အပါအဝင် PT-6 လေယာဉ် ၁၅ စင်းဖြင့် အင်္ဂလိပ်အက္ခရာ 75 ပုံစံ အုပ်ဖွဲ့ပျံသန်း အလေးပြုကြစဉ်။

Mi-35 P ရဟတ်ယာဉ်က နိုင်ငံတော်အလံကို ချိတ်ဆွဲပြီး Eurocopter ရဟတ်ယာဉ်နှစ်စင်းတို့က စောင့်ကြပ်လိုက်ပါ ပျံသန်းချီတက်အလေးပြုစဉ်။



အလွတ်ခုန်လေထီးအဖွဲ့မှ လေထီးအရာရှိ စစ်သည်၊ လေထီးအရာရှိ စစ်သမီးနှင့် အခြားအဆင့် လေထီးစစ်သည် စုစုပေါင်း ၇၅ ဦးတို့က ဝေဟင်အမြင့်ပေ ၇၅၀၀ မှ အလွတ်ခုန်၍ တပ်မတော်အလံ၊ ကြည်း၊ ရေ၊ လေ အလံများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုအလံများ၊ ဝန်ကြီးဌာန ကိုယ်စားပြုအလံများ၊ ကာကွယ်ရေးအလံနှင့် ရောင်စုံအလံများ ချိတ်ဆွဲသယ်ဆောင်ကာ ဝေဟင်ထက်မှ မြေပြင်သို့ ဆင်းသက်၍ ချီတက်အလေးပြုကြသည်။










# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား မြင်ကွင်း











(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား တက်ရောက်ကြသူများကို တွေ့ရစဉ်။

## သရုပ်ဖော် တင်ဆက်ပြသ

နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူလေးများက စည်းလုံးခြင်းသည်အင်အား စာသား၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံပုံရိပ်တို့ကို ညီညာလှပစွာ သရုပ်ဖော်တင်ဆက်ပြသကြစဉ်။





# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား မြင်ကွင်း




တပ်မတော်(ရေ)ဂုဏ်ပြုယာဉ် ချီတက်အလေးပြုစဉ်။



အမြောက်တပ်ဖွဲ့က အမြောက် ၂၁ ချက် ပစ်ဖောက်ဂုဏ်ပြုစဉ်။



ယန္တရားစစ်ကြောင်း ချီတက်အလေးပြုစဉ်။



ယန္တရားစစ်ကြောင်း ချီတက်အလေးပြုစဉ်။



မြန်မာ့တပ်မတော်မှ စစ်သမီးများက မြန်မာ့သိုင်းစွမ်းရည်ပြသစဉ်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေး ဂုဏ်ပြုယာဉ်နှင့်အတူ ယဉ်ကျေးမှုအကအဖွဲ့များက ကပြဖျော်ဖြေတင်ဆက်ချီတက်အလေးပြုစဉ်။



ရာဇဝင်းခင်း၍ ချီတက်အလေးပြုစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား မြင်ကွင်း

## ချီတက်အလေးပြု

တပ်မတော်၏ ခေတ်အဆက်ဆက်ကို ဖော်ညွှန်းသည့်တပ်ခွဲများဖြစ်သော BIA တပ်ခွဲ၊ BDA တပ်ခွဲ၊ BNA တပ်ခွဲ၊ PBF တပ်ခွဲ၊ BA တပ်ခွဲ၊ ဘယ်ရီတပ်ခွဲ၊ ဂေါ်ရခါးတပ်ခွဲ၊ ပွိုင့် ၃၀၃ တပ်ခွဲ၊ ၅၂ စတင်းတပ်ခွဲတို့ ချီတက်အလေးပြုစဉ်။





လွတ်လပ်ရေးနေ့ ဦးဆောင်ဂုဏ်ပြုယာဉ် ချီတက်အလေးပြုစဉ်။



ယန္တရားစစ်ကြောင်း ချီတက်အလေးပြုစဉ်။



တပ်မတော်(ကြည်း) ဂုဏ်ပြုယာဉ် ချီတက်အလေးပြုစဉ်။



ယန္တရားစစ်ကြောင်း ချီတက်အလေးပြုစဉ်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် မီးရှူး၊ မီးပန်းများ ဂုဏ်ပြုပစ်ဖောက်စဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား မြင်ကွင်း



တနင်္သာရီတိုင်းဒေသကြီး ဂုဏ်ပြုယာဉ်နှင့် ဖျော်ဖြေရေးအဖွဲ့ ဖျော်ဖြေတင်ဆက်စဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ဂုဏ်ပြုယာဉ်နှင့် ဖျော်ဖြေရေးအဖွဲ့ ဖျော်ဖြေတင်ဆက်စဉ်။

**မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ ထင်ရှားသည့်အထိမ်းအမှတ်များ၊ လူနေမှုစရိုက်လက္ခဏာများ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ထုတ်ကုန်များကို သရုပ်ဖော်ပြသထားသည့် နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ဂုဏ်ပြုယာဉ်များနှင့် ဖျော်ဖြေရေးအဖွဲ့များက တေးသီချင်း အကအလှများဖြင့် ချီတက်သရုပ်ပြဖျော်ဖြေတင်ဆက်ကြသည်။**



ကယားပြည်နယ် ဂုဏ်ပြုယာဉ်နှင့် ဖျော်ဖြေရေးအဖွဲ့ ဖျော်ဖြေတင်ဆက်စဉ်။



နေပြည်တော်ကိုယ်စားပြု ဂုဏ်ပြုယာဉ်နှင့် ဖျော်ဖြေရေးအဖွဲ့ ဖျော်ဖြေတင်ဆက်စဉ်။



ချင်းပြည်နယ် ကိုယ်စားပြု ဂုဏ်ပြုယာဉ်နှင့် ဖျော်ဖြေရေးအဖွဲ့ ဖျော်ဖြေတင်ဆက်စဉ်။



ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ဂုဏ်ပြုယာဉ်နှင့် ဖျော်ဖြေရေးအဖွဲ့ ဖျော်ဖြေတင်ဆက်စဉ်။



ကရင်ပြည်နယ် ကိုယ်စားပြု ဂုဏ်ပြုယာဉ်နှင့် ဖျော်ဖြေရေးအဖွဲ့ ဖျော်ဖြေတင်ဆက်စဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား မြင်ကွင်း


ပြည်ထဲရေးဝန်ကြီးဌာန ဂုဏ်ပြုယာဉ်။


နိုင်ငံခြားရေးဝန်ကြီးဌာန ဂုဏ်ပြုယာဉ်။


နယ်စပ်ရေးရာဝန်ကြီးဌာန ဂုဏ်ပြုယာဉ်။


စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဂုဏ်ပြုယာဉ်။


ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဂုဏ်ပြုယာဉ်။


ဥပဒေရေးရာဝန်ကြီးဌာန ဂုဏ်ပြုယာဉ်။


ပြန်ကြားရေးဝန်ကြီးဌာန ဂုဏ်ပြုယာဉ်။


လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဂုဏ်ပြုယာဉ်။